# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို လှုပ်ရှားမှုများသည် ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုစွမ်းအားကို ဖော်ပြလျက်ရှိသည့် အားရဖွယ်မြင်ကွင်းဖြစ်နေ

**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများ

*စာမျက်နှာ ၃ ကော်လံ ၁* ✻



၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ *ဖတ်စရာ*


၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုစာရင်းအရ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၀.၆၇) ဘီလီယံကျော် ပိုမိုဆောင်ရွက်ခဲ့

ပြည်တွင်းသတင်း စာ - ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုစိတ်ဓာတ်

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး စာ - ၁၀

မြန်မာ့အလင်း

# ပြည်သာဖို့ ညီညာစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းထမ်းဆောင်ခဲ့ရသည်မှာ လာမည့်ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တစ်နှစ်တင်းတင်းပြည့်ပြီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲနှင့်စပ်လျဉ်း၍ ဆန္ဒပြမှုများမှတစ်ဆင့် ရန်းရင်းဆန်ခတ်မှုများ၊ ဆူပူဖျက်ဆီးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ အဆင့်ဆင့်တို့ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း ဖြစ်ပေါ်ခဲ့သည်။ တစ်ဖက်တွင်လည်း ၂၀၂၀ ပြည့်နှစ် အစောပိုင်းကပင် မြန်မာနိုင်ငံသို့ ကူးစက်ဝင်ရောက်ပျံ့နှံ့လာခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါလှိုင်း အရှိန်မြင့်ရိုက်ခတ်လာသည့် အခြေအနေတို့ကိုလည်း ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်လွှဲပြောင်းထမ်းဆောင်မှုအပေါ် စစ်ဘက်မှ အာဏာသိမ်းမှုအဖြစ်လည်းကောင်း၊ စစ်တပ်က နိုင်ငံကို ထာဝရသိမ်းပိုက်အုပ်ချုပ်သွားမည့် ကြံစည်မှုအဖြစ်လည်းကောင်း၊ ပြည်တွင်း ပြည်ပမှ အဖျက်အမှောင့်သမားများနှင့် မီဒီယာများက မမှန်မကန် ထုတ်လွှင့်မှုများနှင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အတိအလင်းထုတ်ပြန်၍ ပြည်သူလူထုအား ပွင့်လင်းစွာ အသိပေးခဲ့သည်။ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာတွင် အခက်အခဲ၊ အကျပ်အတည်းများ၊ အဖျက်အမှောင့်၊ အတားအဆီးများတို့ကို များစွာကြုံတွေ့ခဲ့ရသကဲ့သို့ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့် အောင်မြင်မှုများလည်း ရရှိခဲ့သည်။

အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ချိန်တွင် ဗီဇပြောင်းမျိုးကွဲသစ် ဒယ်လ်တာမျိုးရပ်စ်ကြောင့် ပြည်သူလူထုအတွင်း ရောဂါကူးစက်ပျံ့နှံ့မှု ရုတ်တရက်မြင့်မားစွာ ထိုးတက်သွားမှုနှင့်အတူ ရောဂါပြင်းထန်မှုကြောင့် ဆေးရုံတက်ရောက် ကုသရသည့် လူနာအရေအတွက် လွန်စွာများပြားခြင်း၊ သေဆုံးမှုနှုန်း မြင့်မားခြင်းတို့ ဖြစ်ပေါ်လာခဲ့သည်။ ထိုကာလအတွင်း ဆေးရုံများနှင့် ကုသရေးစင်တာများတွင် မတန်တဆ ဝန်ပိုထမ်းဆောင်ခဲ့ကြရပြီး ဆေးရုံခုတင် လိုအပ်ချက်၊ ဆရာဝန် ဆရာမ လိုအပ်ချက်၊ ဆေးနှင့်ဆေးပစ္စည်း၊ အောက်ဆီဂျင်လိုအပ်ချက်များ၊ လူနာများ သယ်ယူပို့ဆောင်ရေး၊ သေဆုံးလူနာများ သယ်ယူရေးနှင့် သင်္ဂြိုဟ်ရေးတို့တွင်လည်း အခက်အခဲများစွာ၊ စိန်ခေါ်မှုများစွာတို့နှင့် ရင်ဆိုင်ခဲ့ရသည်။ ကိုဗစ်-၁၉ တတိယလှိုင်းကာလအတွင်း တာဝန်ကျေပွန်၍ ကျင့်ဝတ်မြဲမြံသည့် ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာအရာရှိ၊ အကြပ်စစ်သည်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ၊ ပြည်သူများစုပေါင်းဆောင်ရွက်မှု စွမ်းပကားကြောင့် ကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့ခြင်းမှာ မှတ်တမ်းတစ်ခုပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အချက် ပါဝင်သည်ကို အားလုံးသိကြပြီးဖြစ်ရာ အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများ ပြီးမြောက်အောင်မြင်ရေး ဆောင်ရွက်ကြရန် လိုအပ်သည်။ ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်မှုသည် အရာရာကို ဖန်တီးနိုင်သည့် စွမ်းပကားကို ပေါ်ထွက်လာစေနိုင်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးဆီသို့ ဦးတည်၍ စုပေါင်းညီညာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက်
ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## တောင်ကြီးမြို့၌ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၅**

(၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမတွင် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုနေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ၊ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပင်လုံစာချုပ်တွင် ပါရှိသောအချက်အလက်များ၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားကိုယ်စားလှယ်များ၏ အတ္ထုပ္ပတ္တိများ၊ ဆောင်ပုဒ်များ၊ ကဗျာများကို နံရံကပ်စာစောင်များဖြင့် ဝေဝေဆာဆာပြသဆောင်ရွက်ခြင်းနှင့် ပြည်သူများ စာပေဖတ်ရှုတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန် သုတ၊ ရသစာအုပ်များကို ခင်းကျင်းပြသပေးထားကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## သီပေါမြို့၌ လမ်းများအဆင့်မြှင့်ဆောင်ရွက်ပေး၊ ဒေသထွက်ကုန်များ အချိန်တိုအတွင်း ရောင်းဝယ်နိုင်

**သီပေါ ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ဒေသခံများ သွားလာမှုလွယ်ကူရေး၊ ဒေသထွက်ကုန်များ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်ရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ငွေလုံးငွေရင်းလုပ်ငန်းတစ်ခုဖြစ်သည့် တောင်မြို့ရပ်နယ်မြေ (၉)မှ ဗိုလ်ချုပ်လမ်းအထိ အရှည်ပေ ၂၅၀ ၊ အကျယ် ၁၂ ပေနှင့် ထုကိုးလက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အုပ်ကျင်းရပ် အုပ်ဖိုလမ်းခွဲ အရှည် ပေ ၂၃၅၊ အကျယ် ၁၀ ပေနှင့် ထုခြောက်လက်မရှိကွန်ကရစ်ခင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**



အဆိုပါ ရပ်ကွက်၊ ဒေသများရှိ လမ်းများ ကတ္တရာခင်းခြင်း၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တိုးချဲ့ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြီးစီးနေပြီဖြစ်သည်။

ထိုသို့ ဒေသခံပြည်သူများ နေထိုင်လျက်ရှိသော လမ်းများ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်မှ လိုအပ်သော ကုန်စည်များနှင့် ခြံထွက်သီးနှံများကို အချိန်တိုအတွင်း ရောင်းဝယ် ဖောက်ကားနိုင်မည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ် ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**

* ရှေ့ဖုံးမှ

ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျန်ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို အနှစ်သာရနှင့် အဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်ရေးစီမံဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော်ခန်းမ၌ ၂၀၁၆ ခုနှစ်ကတည်းက ရပ်နားထားခဲ့သည့် ပြည်ထောင်စုအလံကို ရန်ကုန်မှ နေပြည်တော်သို့ သယ်ယူမည့် အခမ်းအနားလည်း ပါရှိမည်ဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုကြမည့်ယာဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအလိုက် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်နေကြမှုများနှင့် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြမည့် တစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများမှာလည်း အားရဖွယ်တွေ့မြင်ရပါကြောင်း၊ တစ်နည်းအားဖြင့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို လှုပ်ရှားမှုများသည် ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှု စွမ်းအားကို ဖော်ပြလျက်ရှိသည့် အားရဖွယ်မြင်ကွင်းဖြစ်နေပါကြောင်း။

**❍ ယခုနှစ်ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားသည် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားဖြစ်သည်နှင့်အညီ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ဆောင်ရွက်ရမည့် အခမ်းအနားကြီးတစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်**

### စနစ်တကျကြိုတင်ပြင်ဆင်

ယခုနှစ်ကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားသည် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားဖြစ်သည်နှင့်အညီ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ဆောင်ရွက်ရမည့် အခမ်းအနားကြီးတစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် လုပ်ဆောင်ရန်ကျန်သည်များကို ဦးစားပေးဆွေးနွေးကြပြီး ဆုံးဖြတ်ပေးရမည့်အချက်များကို ချက်ချင်းဆုံးဖြတ်နိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ရှင်းလင်းတင်ပြ

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး၊ ယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ဆပ်ကော်မတီအလိုက် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ၂၀၂၂ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အရာထမ်း၊ အမှုထမ်းများ နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာထမ်း၊ အမှုထမ်း ၄၅ဦးတို့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်လေ့လာသည်။



ရှေးဦးစွာ Conference Room ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက နှုတ်ခွန်းဆက်ပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာအောင်က ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ သတင်းနှင့် အစီအစဉ်များ ထုတ်လွှင့်မှု အခြေအနေကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ရုပ်သံထုတ်လွှင့်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ပြည်ပပြန် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၄၅ ဦး၊ အမျိုးသမီး ၉၅ ဦး စုစုပေါင်း ၂၄၀နှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၅၀ တို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖွင့်ပွဲသို့တက်ရောက်

**စစ်တွေ ဇန်နဝါရီ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်နုမြဇံ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းက မာန်အောင်မြို့နယ် ပြင်ကောက်ကျေးရွာ၌ ပြုလုပ်သည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများက ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့ ကျေးရွာအခြေပြုခရီးသွား လုပ်ငန်းဖော်ဆောင်ထားသည့် ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန် ဆောက်ရွက်ထားသည့် တည်းခိုဆောင် အခန်းကို လှည့်လည်ကြည့်ရှုစဉ်။

## ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရန် ဆောင်ရွက်ထားသည့် တည်းခိုဆောင်ဘန်ဂလိုများ၊ အခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ခရီးသွားဧည့်သည်များအား ဖျော်ဖြေတင်ဆက်ရန် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဓလေ့အကများ၊ ရိုးရာတီးဝိုင်းများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ကမားချောင်းတံတား ပေ ၃၀၀ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်နှင့် တံတားအထူးအဖွဲ့(၈) မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## တည်ဆောက်နေခြင်းဖြစ်

ကမားချောင်းတံတားသည် အုတ်မြစ်ဘိုးပိုင်၊ ကိုယ်ထည် RC ကွန်ကရစ်နှင့် အပေါ်ထည် RC ဆလပ်အမျိုးအစားဖြစ်ပြီး ခန့်မှန်းစီမံကိန်းတန်ဖိုး ငွေကျပ်သန်း ၁၅၀၀ဖြစ်ကာ ၂၀၂၀-၂၀၂၁ပြည်နယ်ရန်ပုံငွေ ငွေကျပ်သန်း ၅၀၀၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကာလတို ပြည်နယ်ရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားအထူးအဖွဲ့(၈)က တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရေးပန်းတိုင်ကို ဆုံးခန်းတိုင်အောင် လျှောက်လှမ်းပြီး နိုင်ငံတော်အပေါ် ပြန်လည်အလုပ်အကျွေးပြု

ဘားအံ ဇန်နဝါရီ ၂၅

**ဘားအံတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ပညာရေးပန်းတိုင်ကို ဆုံးခန်းတိုင်အောင်လျှောက်လှမ်းပြီး နိုင်ငံတော်အပေါ်ပြန်လည်၍ အလုပ်အကျွေးပြုကြဖို့ လိုအပ်မည်ဖြစ်ပြီး သို့မှသာ နိုင်ငံသားတစ်ဦး၏ တာဝန်နှင့် ဝတ္တရားများ ကျေပွန်နိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တက္ကသိုလ်စာကြည့်တိုက်အတွက် ဗဟုသုတဆိုင်ရာ စာအုပ်များ လှူဒါန်းသည့်အခမ်းအနားတွင် ပြောကြားသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်၏ အထင်ကရဘားအံတက္ကသိုလ်ကြီး ပြန်လည်ဖွင့်လှစ်နေပြီ ဖြစ်သည့်အတွက် အင်မတန်မှဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အရေးအကြီးဆုံးမှာ ပညာရေးဖြစ်ကြောင်း၊ ပညာရေးနောက်ကျသည့် တိုင်းပြည်သည် အစစအရာရာ နောက်ကျကျန်နေမည်ဖြစ်ပြီး ပညာရေးတိုးတက်ဖွံ့ဖြိုးသောတိုင်းပြည်သည် အစစအရာရာ တိုးတက်ဖွံ့ဖြိုးနေမည်ဖြစ်ကြောင်း၊ ပညာရည်ထူးချွန်သည့် တတ်သိပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်လိုပြီး ကျောင်းပြန်လည်တက်ရောက်ကြသည့်ကျောင်းသားကျောင်းသူများကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပညာရှာသည့်အရွယ်တွင် ပညာနှင့်ပတ်သက်၍ ပြည့်စုံမှုရှိအောင် ရှာဖွေရန်လိုမည်ဖြစ်ကာ ပညာရေးပန်းတိုင်ကို ဆုံးခန်းတိုင်အောင် လျှောက်လှမ်းကြရန် တိုက်တွန်းလိုကြောင်း၊ ယနေ့ကြိုးစားလျှင် မနက်ဖြန်အောင်မြင်မှုကို မြင်ရမည်ဖြစ်ကြောင်း၊ စာများများဖတ်ရန်လိုပြီး စာဖတ်ခြင်းမှ ရရှိလာသည့် အသိတရားကို လက်တွေ့ဘဝနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ သို့မှသာ အောင်မြင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ ထိုက်တန်သည့်နေရာတစ်ခုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသားကောင်းများဖြစ်ကြပြီး နိုင်ငံအတွက် အလုပ်အကျွေးပြုနိုင်သည့်သူများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၏ ပထမပညာသင်ကာလမှ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်း စစ်သင်တန်း၊ ပထမနှစ်နှင့် ဒုတိယနှစ် မဟာတန်းတို့တွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ ၄၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၉၄၀၀၀၀ ကို ပေးအပ်ချီးမြှင့်ရာ ကျောင်းသူတစ်ဦးက လက်ခံရယူပြီး ဘားအံတက္ကသိုလ် စာကြည့်တိုက်အတွက် ဗဟုသုတဆိုင်ရာ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံရယူသည်။ **(အောက်ပုံ)**



ထို့နောက် ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က ပါမောက္ခချုပ်ထံ ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပြက္ခဒိန်များအား အမှတ်တရလက်ဆောင် ပေးအပ်ပြီး ဘားအံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ကျောင်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်ရှိ စာသင်ဆောင်များ၊ ဘာသာရပ်ဆိုင်ရာဌာနများ၊ သင်ထောက်ကူပြုခန်းမများနှင့် ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ထူးခြားသည့် ညအပူချိန်များမှာ တွန်းဇံမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့၊ ကျိုင်းတုံမြို့၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မိုးညှင်းမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ မိုးကောင်းမြို့နှင့် တီးတိန်မြို့တို့တွင် ၀ ဒသမ ၂၈ လက်မစီ၊ ကသာမြို့တွင် ၀ ဒသမ ၂၃ လက်မနှင့် ဖလမ်းမြို့နှင့် တမူးမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်စေရန် လှုံ့ဆော်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

## ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူ ဆောင်ရွက်






**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော် တည်ငြိမ်ရေးကို ထိခိုက်စေရန် လှုံ့ဆော်မှုများနှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံတော်သတင်း ထုတ်ပြန်ရေးအဖွဲ့မှ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အပေါ် အလေးအနက်ထား ထိရောက်စွာ လိုက်ပါဆောင်ရွက်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ယာပုံ)**

**အရေးယူခံရနိုင်**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ယခုအခါ အကြမ်းဖက်အုပ်စုများ ဖြစ်သည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ၏ Facebook account များမှ နိုင်ငံတော်တည်ငြိမ်ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး လှုံ့ဆော်မှုများ၊ လူမှုကွန်ရက်များ၌ ပျံ့နှံ့နေသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့ လှုံ့ဆော်မှုများအပေါ် ပြည်သူလူထုများအနေဖြင့် လိုက်ပါလုပ်ဆောင်မိပါက ဥပဒေအရ အရေးယူခံရနိုင်သဖြင့် အများပြည်သူ သိရှိနိုင်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားပါကြောင်း။

**နည်းမျိုးစုံဖြင့် ပြုလုပ်**

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါကြောင်း။

**သိမ်းဆည်းခံရနိုင်**

ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ပါကြောင်း။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများ၊ ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသူ လူပုဂ္ဂိုလ်များ၏ လှုံ့ဆော် ဝါဒဖြန့်မှုများအပေါ် လိုက်ပါပြုလုပ်ခြင်း မပြုကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူခံရနိုင်သည်ကို ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ပြည်သူလူထုအားလုံး သိရှိစေရေး ဥပဒေ စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်ပါဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများအား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် လေးလေးနက်နက် ဆောင်ရွက်သွားရန် မှာကြားသည်။

**ဆွေးနွေးခဲ့ကြ**

ဆက်လက်၍ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဥပဒေရေးရာ ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တက်ရောက်လာကြသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှမ်းပြည်နယ်အတွင်းရှိ ဦးစီးဌာနများနှင့် စက်ရုံများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၅

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇန်နဝါရီ ၂၂ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဦးစီးမှူးထံသို့ ပေးအပ်ပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

**စဉ်ဆက်မပြတ် လေ့လာ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး သံမဏိထုတ်လုပ်သည့် နည်းပညာရပ်များအား ကျွမ်းကျင်ပညာရှင်များထံမှ လက်ဆင့်ကမ်းရရှိနိုင်ရေး စီမံဆောင်ရွက်ထားရန်၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အချိန်ဇယားများ ရေးဆွဲဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မမျှော်မှန်းနိုင်သည့် အခက်အခဲများအတွက်ပါ ကြိုတင်မျှော်တွေး၍ စီမံဆောင်ရွက်ထားရန်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် သံစိမ်းများကို စီးပွားဖြစ် ထုတ်လုပ်မည့် စက်ရုံဖြစ်၍ စီမံကိန်းလုပ်ငန်းများကို အလေးအနက်ထား စီမံဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံခွဲများအလိုက် အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး စီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန် မှာကြားသည်။

**ကူညီဖြည့်ဆည်း**

ထို့နောက် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ စက်မှုမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဥပဒေ၊ နည်းဥပဒေတို့အပြင် ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အင်ဂျင်နီယာဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ စစ်ဆေးရေးမှူးများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဘာသာရပ်အသီးသီး၌ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ထုတ်ပေးလျက်ရှိသည့် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ရရှိအောင် ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများရရှိရေးတို့အတွက်လည်း ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ပြုပြင်ထိန်းသိမ်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)မှ စက်ရုံလည်ပတ်ပြီး ထွက်ရှိလာသော ကုန်ချောများ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုရန်အတွက် မီးရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းခွင်နှင့် စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် စက်ရုံခွဲအသီးသီး၌ ဆောင်ရွက်ထားရှိမှု၊ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဒုတိယညွှန်ကြားရေးမှူးများနှင့် ခရိုင်ဦးစီးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

**ဂုဏ်ပြုတေးသီချင်းဖြင့် ဖွင့်လှစ်**

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ပြန်/ဆက်ရောင်ခြည် ထာဝစဉ်တောက်ပနေမည် ဂုဏ်ပြုတေးသီချင်းဖြင့် ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဌာနတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်လျှောက်လှမ်းလာခဲ့သည်မှာ (၃၁)နှစ် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဌာနကြီးတစ်ခုအဖြစ် ခိုင်ခိုင်ခံ့ခံ့ ရပ်တည်နိုင်ရန်မှာ ဌာနကို ဦးဆောင်ဦးရွက်ပြုနေသူများ၊ တာဝန်အသီးသီးကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ တက်ညီလက်ညီဖြင့် စည်းလုံးညီညွတ်မှုကြောင့် ဖြစ်ပါကြောင်း။

**ကြီးမားသော ကွန်ရက်ကြီးတစ်ခုဖြစ်**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးပေါင်း ၄၂၇ ရုံးဖြင့် ဖွဲ့စည်းထားသည့် ကြီးမားသော ကွန်ရက်ကြီးတစ်ခုဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိက လုပ်ငန်းတာဝန်ကြီး သုံးရပ်ဖြစ်သည့် သတင်းအချက်အလက်များဖြန့်ဝေပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေပေးခြင်း လုပ်ငန်းတာဝန်များကို ခေတ်မီသစ်လွင်သည့် အစီအစဉ်များဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း။

**ဘက်ပေါင်းစုံမှ ဖြန့်ကြက်စီမံဆောင်ရွက်**

လက်ရှိတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဌာနများ အားလုံးကို နုပျိုသစ်လွင်သော မီဒီယာဖြစ်စေရန်၊ ပြည်သူများအကြား ပြည်သူ ယုံကြည်၊ စိတ်ချ၊ အားကိုးရသော မီဒီယာတစ်ခု ဖြစ်လာစေရန် ဘက်ပေါင်းစုံမှ ဖြန့်ကြက်စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၂ ခုနှစ် နှစ်သစ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဖွဲ့စည်း ပုံအသစ်နှင့်အတူ ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်လာအောင် လုပ်ဆောင်သွားရန်၊ ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် သတင်းအမှန်များ ပိုမိုပျံ့နှံ့ အောင် အားစိုက်ခွန်စိုက် လုပ်ဆောင်သွားရန်မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၁ ခုနှစ်အတွင်း ခရိုင်အလိုက် သတင်းပေးပို့ဖော်ပြခံရမှု အများဆုံး ပထမဆုရရှိသည့် ညောင်ဦးခရိုင်ရုံး၊ ဒုတိယဆုရရှိသည့် ဘားအံခရိုင်ရုံး၊ တတိယဆုရရှိသည့် မော်လမြိုင်ခရိုင်ရုံးနှင့် အထူးဆုရရှိသည့် မောင်တောခရိုင်ရုံး၊ ကျောက်ဆည်ခရိုင်ရုံး၊ မကွေးခရိုင်ရုံး၊ မိတ္ထီလာခရိုင်ရုံး၊ မင်းဘူးခရိုင်ရုံးတို့အတွက် ဆုများပေးအပ်ချီးမြှင့်ပြီး ရာထူးတိုးမြှင့်ခန့်အပ်ခံရသူများအား ခန့်အပ်လွှာများ ပေးအပ်ချီးမြှင့်သည်။

**ဆုများပေးအပ် ချီးမြှင့်**

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က၂၀၂၁ခုနှစ်အတွင်း မြို့နယ်အလိုက် သတင်းပေးပို့ဖော်ပြခံရမှု အများဆုံး ပထမဆုရရှိသည့် ပွင့်ဖြူမြို့နယ်ရုံး၊ ဒုတိယဆု ရရှိသည့် သီပေါမြို့နယ်ရုံး၊ တတိယဆုရရှိသည့် မိုင်းယောင်းမြို့နယ်ရုံးနှင့် အထူးဆုရရှိသည့် နမ္မတူမြို့နယ်ရုံး၊ နောင်ချိုမြို့နယ်ရုံး၊ နတ်မောက်မြို့နယ်ရုံး၊ လှိုင်းဘွဲ့မြို့နယ်ရုံး၊ တနသ်ာရီ မြို့နယ်ရုံးနှင့် ကိုဗစ်-၁၉ သတင်းဆိုင်ရာ သတင်းအရည်အသွေးအကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ၂၀၂၁ ခုနှစ်အတွင်း ပြည်သူ့စာကြည့်တိုက်တွင် Facebook Page အသိပညာပေးလုပ်ငန်းအများဆုံး လွှင့်တင်ဆောင်ရွက်နိုင်မှုဆု ပထမဆုရရှိသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းရုံးနှင့် ငါန်းဇွန်မြို့နယ်ရုံး၊ ဒုတိယဆု ရရှိသည့် ကျောက်ဆည်ခရိုင်ရုံးနှင့် လှိုင်းဘွဲ့မြို့နယ်ရုံး၊ တတိယဆုရရှိသည့် ဘားအံခရိုင်ရုံးနှင့် ရှမ်းရွာသစ်မြို့ရုံးတို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ အများဆုံး ဆောင်ရွက်နိုင်မှုဆု ရရှိသူများ၊ **ကိုဗစ် - ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံးပါဝင်ပေး** ရောင်စုံဓာတ်ပုံပြိုင်ပွဲဆု ရရှိသူများ၊ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ၊ **ကိုဗစ် - ၁၉ ကပ်ရောဂါ လက်တွဲညီညာတိုက်ဖျက်ပါ** နှင့် **လှပသာယာ ပြည်မြန်မာ** ရောင်စုံဓာတ်ပုံပြိုင်ပွဲဆု ရရှိသူများ၊ ထူးချွန်ဆုရဝန်ထမ်းများ၊ စီမံထူးချွန်ဆု၊ ဝန်ထမ်းထူးချွန်ဆု၊ စွမ်းဆောင်ရည်ဆု၊ အနုပညာ၊ ဂီတ၊ ပြည်သူ့ဝန်ထမ်းကောင်း ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ကျေးဇူးတင်စကား ပြောကြား**

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ပြသပြီး ဆုရရှိသူများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ဒလမြို့နယ်၌ ရေချိုသိုလှောင်မှုဖြင့် နွေစပါးစိုက်ဧက ၄၀၀ ကျော် စိုက်ပျိုး

**ရန်ကုန် ဇန်နဝါရီ ၂၅**



ဒလမြို့နယ်အတွင်း၌ ယခုနှစ် နွေရာသီကာလအတွင်း နွေစပါးစိုက်ဧကပေါင်း ၇၉၇ ဧက လျာထားမှုတွင် စိုက်ဧက ၄၀၀ ကျော်ကို စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု ကြီးကြပ်ရေးကော်မတီမှ သိရသည်။

"စိုက်ဧကပေါင်းက ၇၉၇ ဧက လျာထားပြီးတော့ လက်ရှိအချိန်မှာ ဧက ၄၀၀ ကျော် စိုက်ပျိုးနေပါပြီ။ နွေစပါးစိုက်ပျိုးကြတဲ့ ကျေးရွာတွေက သရောတန်းကျေးရွာ၊ ကျွဲလူးအိုင်ကျေးရွာ၊ ရွှေလှေချောင်ကျေးရွာ၊ ညောင်ပင်ကျေးရွာနဲ့ ရခိုင်ချောင်ကျေးရွာ စတဲ့ ကျေးရွာတွေမှာ စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။ နွေစပါးအတွက် စိုက်ပျိုးတဲ့ရေမှာ ရေချိုဝင်ရောက်တဲ့ ချောင်းမြောင်းတွေ မဟုတ်ဘူး။ မူလရှိပြီးသား ချောင်းမြောင်းတွေကိုသာ ရေငန်မဝင်ရောက်အောင် ပိတ်ဆို့တားဆီးပြီးတော့ လှောင်ရေအဖြစ် နွေစပါးသီးနှံကို စိုက်ပျိုးကြတာဖြစ်ပါတယ်။ ကော့မှူး၊ ကွမ်းခြံကုန်းဘက်က ရရှိတဲ့ရေနဲ့လည်း စိုက်ပျိုးကြတာရှိတယ်။ အများစုက ပိုလျှံလာတဲ့ ရေတွေနဲ့သာ စိုက်ပျိုးကြတာဖြစ်တယ်"ဟု မြို့နယ်စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နွေစပါးစိုက်ပျိုးမှုက ရေမလုံလောက်တာတွေကို လုံလောက်အောင် ပေးနိုင်ဖို့လိုအပ်တယ်။ ဒလမြို့နယ်က ရန်ကုန်မြစ်နဲ့ နီးကပ်နေတော့ ရေအရင်းအမြစ်ကငန်တယ်။ ရေငန်မဝင်နိုင်အောင် ပိတ်ထားရတယ်။ ရေချိုလုံလုံလောက်လောက်ရရှိဖို့က တိုးမြစ်ဘက်က ရေကိုသွယ်ယူဖို့ အခက်အခဲရှိတယ်။ ဒလမှာက တစ်ဖက်ယက်ဆည်မရှိဘူး။ ချောင်း၊ မြောင်းပဲရှိတယ်။ ရေတံခါးက သုံးခုရှိတယ်။ ခနောင်ရှမ်းစု၊ တုံတင်ကန်နဲ့ အုန်းပင်ချောင်တို့မှာ သုံးခုပဲရှိတယ်။ အဲဒီရေတံခါးတွေက ရေငန်မဝင်နိုင်အောင် တားပေးထားတာဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဒလမြို့နယ်အတွင်း လယ်ယာမြေဧကပေါင်း လေးသောင်းကျော်ရှိပြီး နှစ်စဉ် မိုးစပါးသီးနှံကိုသာ လျာထားချက် ပြည့်မီစွာ စိုက်ပျိုးနိုင်ကြကာ နွေစပါးသီးနှံအတွက် ရေချိုရရှိမှုနည်းပါးခြင်း၊ ဆည်မရှိခြင်း၊ ရေငန်မဝင်ရောက်အောင် ပိတ်ဆို့ရခြင်း၊ ရှိပြီးသားချောင်း၊ မြောင်းများတွင် ရေကို လှောင်ရေအဖြစ်ထားရှိခြင်းတို့ကြောင့် ကျေးရွာအနည်းငယ်သာ နွေစပါးစိုက်ပျိုးနေရခြင်းဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၂၃ အုပ်စု၊ ကျေးရွာစုစုပေါင်း ၅၄ ရွာရှိပြီး အဆိုပါ ကျေးရွာများရှိ လယ်ယာမြေအများစုသည် နွေသီးနှံဖြစ်သည့် စပါး၊ ပဲ၊ နေကြာ၊ နှမ်းနှင့် အခြားသီးနှံများကို စိုက်ပျိုးနိုင်သည့် လယ်ယာမြေများစွာရှိသော်လည်း နွေရာသီ ရေချို သိုလှောင်နိုင်မည့် ဆည်များမရှိခြင်းကြောင့် နွေသီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးလျက်ရှိသော ဒေသတစ်ခုပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဒေသခံတောင်သူဦးကြီးများသည် နွေသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိရန် များစွာမျှော်လင့်လျက်ရှိသည်။ **သုတ**


✻ နိုင်ငံတော်အတွက်
ဥမကွဲသိုက်မပျက်
ပြည်ထောင်စု
စိတ်ဓာတ်နဲ့
ဒို့ဆောင်ရွက်။


# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကချင်ပြည်နယ်တွင် ယနေ့နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ယနေ့နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ် စိုက်ပျိုးမွေးမြူရေးအခြေခံသော ကုန်ထုတ်လုပ်မှုစွမ်းအား ပြည့်ဝရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးအခြေခံသော ကုန်ထုတ်လုပ်မှုစွမ်းအား ပြည့်ဝရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီးပွားဖြစ် စိုက်ပျိုး**

ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု မျှော်မှန်းအထွက် ရာနှုန်းပြည့်မီ ရေး၊ အရည်အသွေးကောင်း အထွက်နှုန်းကောင်း သီးနှံမျိုးများ ပြောင်းလဲအသုံးပြုနိုင်ရေး၊ မိုးများဒေသ ဖြစ်၍ ရေထုတ်မြောင်းများ ကုန်ထုတ်လမ်းများ ပါဝင်သည့် စနစ်ကျလယ်မြေများ ဖော်ထုတ်လုပ်ကိုင် ရေး၊ လယ်ယာသုံးစက်ကိရိယာပြုပြင်၊ ထိန်းသိမ်း၊ မောင်းနှင်ခြင်းသင်တန်းများ ဖွင့်လှစ်ပေးရေး၊ ပုဂ္ဂလိကလယ်ယာသုံးစက်ကိရိယာ ဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးကိစ္စရပ် များကိုလည်းကောင်း၊ စပါးအပြီး ဆီထွက်သီးနှံ သို့မဟုတ် ပဲသီးနှံကို ဒုတိယသီးနှံအဖြစ် သီးထပ် စိုက်ပျိုးနိုင်ရေး၊ ပြည်တွင်း ပြည်ပ ဈေးကွက်ရှိနေ သည့် နှစ်ရှည်သီးနှံ အုန်း၊ သီဟိုဠ်သရက်၊ ဥယျာဉ်ခြံ သီးနှံနှင့် မြေပြန့်ကော်ဖီများကို စီးပွားဖြစ် စိုက်ပျိုး လုပ်ကိုင်လာစေရန် အားပေးဆောင်ရွက်ရေး၊ ဒေသ နှင့်ကိုက်ညီပြီး အလားအလာရှိသည့် ငါး၊ ပုစွန်နှင့် ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ရေး၊ သဘာဝကဏန်းများ မျိုးသုဉ်းမှု မဖြစ်စေရေးအတွက် သားဖောက်မျိုးထိန်းရေး၊ တိရစ္ဆာန်အစာ စိုက်ပျိုးကျွေးမွေးခြင်း အလေ့အထ ထွန်းကားလာရေးနှင့် နွား၊ ဆိတ်မွေးမြူမှု ဖွံ့ဖြိုး လာရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့်အဖွဲ့ အရည်အသွေးမြင့် ပုစွန်နှင့် ကင်းမွန်ကိုအခြေခံသည့် တန်ဖိုးမြင့် အသင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**ဆွေးနွေးခဲ့ကြ**

လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးအသုံးပြု နိုင်မှု အခြေအနေပေးသည့်နေရာများ ရွေးချယ်၍ ကုန်ချောထုတ်လုပ်သည့် စီးပွားရေးဇုန်များ တည်ထောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်း ကောင်း၊ ကျောက်တော် စိုက်ပျိုးရေး သိပ္ပံကျောင်းတွင် မွေးမြူရေးဒီပလိုမာ ဖွင့်လှစ်ရေး စီမံဆောင်ရွက် လျက်ရှိသကဲ့သို့ ဒေသတွင်း လိုအပ်လျက်ရှိသော ငါးလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းနှင့် လယ်ယာလုပ်ငန်းသုံး စက်မောင်းစက်ပြင်သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးဖမ်း ရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ သို့ ရောက်ရှိကြပြီး ဆိုက်ရောက်၊ ထွက်ခွာခြင်း၊ ပင်လယ်ပြင်ငါးဖမ်းဆီးခြင်း စသည့်ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၏ လှုပ်ရှားသွားလာ လုပ်ကိုင် နေမှုများကို တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များ နှင့်အညီ ဖြစ်စေရေး စောင့်ကြည့်ထိန်းချုပ်နေမှုများ ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ General Food Technology Industry Co.,Ltd ၏ ဂျပန်၊ ဥရောပ နှင့် ဩစတြေးလျနိုင်ငံ ဈေးကွက်များသို့ တင်ပို့နေ သော အရည်အသွေးမြင့် ပုစွန်နှင့် ကင်းမွန်ကိုအခြေခံ သည့် တန်ဖိုးမြင့် အသင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာ မရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ နာတာရှည်ရောဂါအခံ ရှိသူများ၊ ကယ်ဆယ်ရေးစခန်း များ၊ ယာယီတိုက်ပွဲရှောင်စခန်း များအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံ ပညာအလယ်တန်းနှင့် အထက် တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည် အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း များက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၃၉၁၃ ဦး၊ ရှမ်း ပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံ ပြည်သူ ၁၅၀၁ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၁၂၅၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဒေသခံပြည်သူ ၈၅၀၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၂၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၅၃၉၁ ဦး၊ ရခိုင် ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၃၈၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံ ပြည်သူ ၆၈၂၀ နှင့် ပဲခူးတိုင်းဒေသ ကြီး တောင်ငူမြို့နှင့် ထန်းတပင် မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၀၀ တို့ကို တပ်မတော်မှ ဆေး အဖွဲ့များက ပြည်သူ့ဆေးရုံများ မှ ဆရာဝန်များ၊ သက်ဆိုင် ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်နှင့် ယနေ့တွင် ရှမ်း ပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ၌ ကျောင်းသား ကျောင်းသူ ၁၆၄ ဦး၊ ရှမ်းပြည်နယ် (အရှေ့ ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ကျောင်းသား ကျောင်းသူ ၁၅၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း ရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၉၅ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များ က ပြည်သူ့ဆေးရုံများမှ ဆရာဝန် များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# မြောင်းမြခရိုင် ငါးသယံဇာတများရေရှည်ထိန်းသိမ်းရေး ညှိနှိုင်းဆွေးနွေး



**မြောင်းမြ ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေ ဖြင့် ခရိုင်အတွင်း အင်းချောင်း များ ပြုပြင်တူးဖော်ခြင်းဖြင့် ရေချို ငါးလုပ်ငန်း ရေပြင်များလျော့နည်း ပျောက်ကွယ်ခြင်းမှ ကာကွယ်ကြ ရန်၊ ငါးအထွက်တိုးအောင် ဆောင် ရွက်ကြရန်၊ ရေချိုငါးလုပ်ငန်း ဥပဒေ ကြေးတိုင်အင်း စည်းကမ်း နှင့်အညီ လိုက်နာဆောင်ရွက်ကြ ရန် ကြေးတိုင်လျှောက် အင်းသား ကြီးများနှင့် ညှိနှိုင်းဆွေးနွေးခြင်းကို မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီး ဌာနမှူးရုံးတွင် ဇန်နဝါရီ ၂၄ ရက် က ပြုလုပ်သည်။**(ယာပုံ)**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲ တွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းမောင်ဦးက ရေချိုငါးလုပ်ငန်း ဥပဒေများနှင့် ပတ်သက်၍ လည်းကောင်း၊ ငါး သယံဇာတများ ရေရှည်ထိန်းသိမ်း နိုင်ရေးနှင့်ပတ်သက်၍ လည်း ကောင်း ဆွေးနွေးပြောကြား ပြီး အင်းသားကြီးများက သိရှိ လိုသည်များကို မေးမြန်းဆွေးနွေး ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၅

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၊ နည်းပညာတက္ကသိုလ် (တောင်ငူ) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ) သို့ ရောက်ရှိရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များမှ ဒေသအကျိုးပြုဆောင်ရွက်နေမှုများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်၊ သိပ္ပံ၊ ကျောင်းများ၏ သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်မှုအခြေအနေများ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စက်ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာရှနှင့်ပစိဖိတ်ဒေသစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပိုမိုကောင်းမွန်သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ပြန်လည်ချမှတ်ခြင်းခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံ၊ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနမှ စီစဉ်ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ဆွေးနွေးပွဲ-၂၀၂၂ (APEC Symposium 2022) ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။ **(အပေါ်ယာပုံ)**




ဆွေးနွေးပွဲသို့ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ (APEC)နှင့် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ၊ မူဝါဒချမှတ်သူများနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများနှင့် မူဝါဒချမှတ်သူ အဆင့်မြင့်အရာရှိကြီးများအကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လတ်တလော ဆောင်ရွက်နေမှု၊ အနာဂတ်တွင် ခရီးသွားလုပ်ငန်း ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ခရီးသွားလုပ်ငန်းမူဝါဒများဆိုင်ရာ အကြံပြုချက်များ ချမှတ်နိုင်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**ဝိုင်းဝန်းဆွေးနွေး**

ယနေ့ ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ၊ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီး Mr. Phiphat Ratchakitprakarn က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး နိုင်ငံတကာမှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ရာတွင် ဆောင်ရွက်ရမည့် အလေ့အကျင့်ကောင်းများနှင့် ပိုမိုကောင်းမွန်သော ခရီးသွားလုပ်ငန်း မူဝါဒများ ပြန်လည်ချမှတ်ခြင်းဆိုင်ရာ အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အနာဂတ် ခရီးသွားလုပ်ငန်းအတွက်ရည်မှန်းချက်များချမှတ်ခြင်း၊ ခရီးသွားလုပ်ငန်း အသွင်ကူးပြောင်းရေးအတွက် လိုအပ်သောအစီအစဉ်များတွင် မူဝါဒများချမှတ်ခြင်း၊ တာဝန်သိ ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခြုံငုံသုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဆွေးနွေးပွဲ၏ ပထမပိုင်းအစီအစဉ်များကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့သည်။ ဆွေးနွေးပွဲ၏ ဒုတိယပိုင်း အစီအစဉ်များကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ပါဝင်တက်ရောက်ခဲ့**

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ ပါဝင်တက်ရောက်ခဲ့ကြပြီး နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အရင်းအမြစ်ကြွယ်ဝမှုနှင့် စွမ်းဆောင်ရည်များမှာ မတူညီသည့်အတွက် ချမှတ်သည့် မူဝါဒများ၏ အောင်မြင်မှုများကို တိုင်းတာမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်း ကဏ္ဍများသည် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုသည့် အချက်ကို ပိုမိုအလေးထားလာခဲ့ကြခြင်းကြောင့် အစိုးရများအနေဖြင့် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံကိန်းများ ချမှတ်ရန်နှင့် စီမံခန့်ခွဲမှုများ ပြုလုပ်ရန် ပိုမိုကောင်းမွန်သော မူဝါဒများ ချမှတ်မှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားလုပ်ငန်း ဈေးကွက်ဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်း၊ ခရီးသွားလာခြင်းဆိုင်ရာ လိုအပ်သည့် စာရွက်စာတမ်းရှုပ်ထွေးမှုများ ရှိလာသဖြင့် အားလပ်ရက် ခရီးသွားဈေးကွက်အပေါ် သက်ရောက်မှု၊ မျှဝေစီးပွားရေးလုပ်ငန်းများအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုမှ ကုစားမှုစသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများ၊ ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသူ လူပုဂ္ဂိုလ်များ၏ လှုံ့ဆော်ဝါဒဖြန့်မှုများအပေါ် လိုက်ပါပြုလုပ်ခြင်းမပြုကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဇန်နဝါရီ ၂၅ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Reverse Osmosis Sysem for Hemo-Dialysis Machine ရှစ်ခု၊ Concentration Preparation Device တစ်ခု၊ ဆေးဝါးမျိုးစုံ ၃၇ မျိုး စုစုပေါင်း ၈၅၁၁၃ ဒသမ ၃၀ KG၊ နယ်စပ်(ချင်းရွှေဟော်)တွင် Pai Dexa-5 Injection ၃၃၈၄၀၊ Pai Dexa-2 Injection ၃၃၉၆၀၊ Pai B12 Injection အခု ၆၉၀၀၀၊ Pai B6 Injection ၂၉၃၄၀၊ Glucose Injection ၁၅၇၉၂ ခု၊ Pai II Injection ၉၉၂၀ KG၊ Cirprofoxacin Lactate Injection ၁၃၀၂၀ KG တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

※ ငြိမ်းချမ်းသာယာ အေးချမ်းဖို့
ပြည်ထောင်စုစိတ်ဓာတ် မွေးကြစို့။

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၅

**နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စု လေသာ(တောင်)ကျေးရွာတွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် လေသာ(တောင်) ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်နှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင်များက လေသာ (တောင်)ကျေးရွာ ဘုန်းတော်ကြီး ကျောင်း၌ သီတင်းသုံးတော်မူသည့် ဆရာတော်သံဃာတော်များ အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမထူးချွန်ဆုရ မသဲအိဖြူကိုလည်းကောင်း၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က သင်တန်းတွင် ဒုတိယထူးချွန်ဆုရ မမီမီအောင်ကို လည်းကောင်း၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက သင်တန်းတွင် တတိယထူးချွန်ဆုရ မသော်တာမြတ်မွန်ကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသူများ ကိုယ်စား သင်တန်းသူနှစ်ဦးက လက်ခံရယူကြပြီး ကျေးရွာရပ်မိရပ်ဖ ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်နှင့် တာဝန်ရှိသူများက အဆင့်မြင့်အပ်ချုပ်စက်သင်တန်းတွင် သင်တန်းသူများ လက်တွေ့ချုပ်ထားသည့် အဝတ်အထည်များကို လှည့်လည်ကြည့်ရှုအားပေးပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ လေသာ (တောင်) ကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ပြီး အဆင့်မြင့်အပ်ချုပ်စက်သင်တန်းတွင် ရှပ်အင်္ကျီချုပ်နည်း၊ သုံးလွှာစက်ချုပ်နည်း၊ လေးလွှာစက်ချုပ်နည်း၊ ရင်ဖုံးဖြတ်ဆက်၊ နောက်တွဲ၊ လက်မောင်း၊ လုံးကွက်အင်္ကျီ သင်ကြားခြင်း၊ သဘော်သားလျှာသင်ကြားခြင်း၊ ဖောက်အိတ်ကပ် သင်ကြားခြင်းနှင့် 3 MIN၊ 4 MIN သင်ကြားခြင်း စုစုပေါင်း ခုနစ်မျိုးကို တစ်လကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုစာရင်းအရ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၀.၆၇) ဘီလီယံကျော် ပိုမိုဆောင်ရွက်ခဲ့

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုစာရင်းအရ ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ (၁၅.၃၆) ဘီလီယံ၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ (၁၄.၆၉) ဘီလီယံ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၃၀.၀၅) ဘီလီယံဖြစ်သည့်အတွက် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ(၆၇၇)သန်းကျော် ပိုမိုခဲ့ပါသည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှု အချိုးမှာ (၆၆:၃၄) ဖြစ်ပါသည်။

၂။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စီမံကိန်းဥပဒေပါ မူလလျာထားချက်မှာ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ (၁၆၂၀၀) သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ(၁၈၅၀၀) သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ (၃၄၇၀၀) သန်းဖြစ်ပြီး ကိုဗစ်-၁၉ ကာလ လုပ်ငန်းများလည်ပတ်နိုင်မှု တုံ့ဆိုင်းခဲ့သည့်အတွက် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ (၁၄၀၀၀) သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ (၁၅၀၀၀) သန်း ၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ (၂၉၀၀၀) သန်းသို့ ပြင်ဆင်လျာထားခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ယာယီစာရင်း)အရ ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ ကန်ဒေါ်လာ (၁၅၃၆၃)သန်းနှင့် သွင်းကုန် (၁၄၆၈၆) သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ (၃၀၀၄၉) သန်း ရရှိပြီး ကုန်သွယ်မှုလျာထားချက်အပေါ် (၁၀၃) ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၃။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍအလိုက် ပြည်ပကုန်သွယ်မှုအခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**တန်ဖိုး-ကန်ဒေါ်လာသန်း**

| အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | | |
|---|---|---|---|
| | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
| ပို့ကုန် | ၃၅၃၁.၄၉၅ | ၁၁၈၃၁.၇၈၉ | ၁၅၃၆၃.၂၈၄ |
| သွင်းကုန် | ၁၀၂၂.၅၁၉ | ၁၃၆၆၃.၅၃၉ | ၁၄၆၈၆.၀၅၈ |
| ကုန်သွယ်မှုပမာဏ | ၄၅၅၄.၀၁၄ | ၂၅၄၉၅.၃၂၈ | ၃၀၀၄၉.၃၄၂ |
| **ကုန်သွယ်မှု ပိုငွေ(+)/လိုငွေ(-)** | (+) ၂၅၀၈.၉၇၆ | (-) ၁၈၃၁.၇၅၀ | (+) ၆၇၇.၂၂၆ |

၄။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် **ပို့ကုန်အုပ်စုအလိုက်**တင်ပို့မှုကို ယခင်ဘဏ္ဍာနှစ်ကာလတူ တင်ပို့မှုနှင့် နှိုင်းယှဉ်ရာတွင် လယ်ယာထွက်ပစ္စည်းများ ပိုမိုတင်ပို့ခဲ့ပြီး တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပစ္စည်းများ လျော့နည်းတင်ပို့ခဲ့ပါသည်။ ယခင် ဘဏ္ဍာနှစ်ကာလတူထက် တန်ဖိုးအားဖြင့် **အများဆုံးပိုမိုတင်ပို့ခဲ့သော** ကုန်ပစ္စည်းများတင်ပို့မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | | ပိုမိုတင်ပို့နိုင်မှု | |
|---|---|---|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ရော်ဘာစိမ်း | မ/တန် | ၃၀၃၂၉၃.၉၇၃ | ၄၄၉.၁၀၂ | ၂၁၃၄၁၃.၂၃၄ | ၂၆၄.၄၄၂ | (+) ၈၉၈၈၀.၇၃၉ | (+) ၁၈၄.၆၆၀ |
| ၂ | ပြောင်း | မ/တန် | ၂၆၁၃၆၆၆.၆၄၀ | ၅၃၆.၃၃၅ | ၂၂၂၂၀၂၉.၃၂၃ | ၃၆၈.၃၇၁ | (+) ၃၉၁၆၃၇.၃၁၇ | (+) ၁၆၇.၉၆၄ |
| ၃ | ပဲတီစိမ်း | မ/တန် | ၆၇၃၁၁၀.၈၈၄ | ၅၂၅.၄၀၂ | ၅၃၄၁၂၈.၁၅၇ | ၄၀၆.၃၀၆ | (+) ၁၃၈၉၈၂.၇၂၇ | (+) ၁၁၉.၀၉၆ |
| ၄ | ပဲစင်းငုံ | မ/တန် | ၂၁၄၀၉၁.၆၂၆ | ၁၄၄.၀၉၉ | ၅၃၃၇၆.၆၇၅ | ၂၉.၉၉၆ | (+) ၁၆၀၇၁၄.၉၅၁ | (+) ၁၁၄.၁၀၃ |
| ၅ | မတ်ပဲ | မ/တန် | ၆၇၇၅၂၆.၄၂၁ | ၅၂၆.၇၁၃ | ၅၉၆၆၅၇.၄၂၃ | ၄၃၇.၉၇၄ | (+) ၈၀၈၆၈.၉၉၈ | (+) ၈၈.၇၃၉ |
| ၆ | နှမ်း | မ/တန် | ၂၅၅၁၁၉.၀၅၄ | ၃၃၈.၉၈၁ | ၁၇၅၈၄၀.၉၅၀ | ၂၇၉.၃၈၈ | (+) ၇၉၂၇၈.၁၀၄ | (+) ၅၉.၅၉၃ |
| ၇ | မြေပဲဆန် | မ/တန် | ၁၆၀၇၇၆.၈၄၈ | ၁၉၀.၇၆၅ | ၁၀၀၁၂၈.၇၉၆ | ၁၃၂.၈၂၂ | (+) ၆၀၆၄၈.၀၅၂ | (+) ၅၇.၉၄၃ |
| ၈ | ဝါ | မ/တန် | ၂၁၇၃၉.၃၃၀ | ၃၀.၄၃၅ | ၅၈၅၄.၃၁၀ | ၈.၁၉၆ | (+) ၁၅၈၈၅.၀၂၀ | (+) ၂၂.၂၃၉ |
| ၉ | သကြား | မ/တန် | ၂၀၀၉၉၂.၅၄၈ | ၈၉.၃၇၇ | ၁၂၂၄၁.၇၀၀ | ၆၈.၇၃၈ | (+) ၇၈၇၅၀.၈၄၈ | (+) ၂၀.၆၃၉ |
| ၁၀ | ပဲယင်း | မ/တန် | ၆၁၈၉၃.၀၉၁ | ၃၃.၄၁၈ | ၃၉၆၀၉.၃၀၃ | ၂၁.၀၈၅ | (+) ၂၂၂၈၃.၇၈၈ | (+) ၁၂.၃၃၃ |

၅။ သွင်းကုန်ပစ္စည်းများ **အုပ်စုအလိုက်တင်သွင်းမှု**ကို ယခင်ဘဏ္ဍာနှစ် အလားတူကာလတင်သွင်းမှုနှင့် နှိုင်းယှဉ်ရာတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ လျော့နည်းတင်သွင်းခဲ့ပါသည်။ သွင်းကုန်အမယ်လိုက်တင်သွင်းမှုတွင် ယခင်ဘဏ္ဍာနှစ် ကာလတူထက် **အများဆုံးပိုမိုတင်သွင်းခဲ့သည့်** ကုန်ပစ္စည်းများ နှိုင်းယှဉ်ချက်ကို တစ်ဖက်ပါအတိုင်း တင်ပြအပ်ပါသည်-

**တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | ပိုမိုတင်သွင်းနိုင်မှု |
|---|---|---|---|---|
| ၁ | စားအုန်းဆီ | ၈၂၆.၉၇၄ | ၅၉၄.၁၂၃ | (+) ၂၃၂.၈၅၁ |
| ၂ | ဘီလပ်မြေ | ၈၁.၉၇၆ | ၆၉.၆၆၄ | (+) ၁၂.၃၁၂ |
| ၃ | သွားတိုက်ဆေး | ၁၆.၆၇၀ | ၁၄.၅၇၄ | (+) ၂.၀၉၆ |
| ၄ | စီးကရက်စက္ကူများ | ၅.၃၁၃ | ၄.၄၂၄ | (+) ၀.၈၈၉ |
| ၅ | ကော်ဖီ၊ လက်ဖက်ခြောက်နှင့်ဖျော်၍ သုံးသည့်အမှုန့်များ | ၄၉.၅၄၂ | ၄၉.၀၁၇ | (+) ၀.၅၂၅ |
| ၆ | နို့မှုန့် | ၃၄.၆၃၅ | ၃၄.၅၅၉ | (+) ၀.၀၇၆ |

၆။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ (၅.၄) ဘီလီယံမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ပို့ကုန်တန်ဖိုး ပိုမိုတင်ပို့လာနိုင်သည့်အတွက် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ (၁) ဘီလီယံထိ နှစ်စဉ်ဆက်တိုက်လျော့ကျခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကိုဗစ်-၁၉ ရိုက်ခတ်မှုများကြောင့် ပို့ကုန် ကန်ဒေါ်လာ (၁၇.၇) ဘီလီယံခန့်ရှိပြီး လယ်ယာထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်များ ပုံမှန်တင်ပို့နိုင်ခဲ့သော်လည်း စက်မှုကုန်ချော(ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့) လျော့နည်းတင်ပို့ခဲ့ခြင်း၊ သွင်းကုန်တွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများ) တင်သွင်းမှု ယခင်နှစ်ထက် အနည်းငယ်ပိုမိုလာခြင်းကြောင့် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ (၁.၃၇) ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ (၆၇၇) သန်း ဖြစ်ပေါ်လျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ရင်းနှီးချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုဖွား တိုင်းရင်းသား။**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုစိတ်ဓာတ်

မောင်ငြိမ်းအေး

**မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက မိသားစုမျိုးနွယ်စုတူများ စုဖွဲ့နေထိုင်ခဲ့ကြသည်။ ဆွေမျိုးစု၊ မျိုးတူစု၊ သွေးတူစု၊ အသိုင်းအဝိုင်းမျိုးစုံတို့ စုပေါင်းနေထိုင်လာခဲ့ကြရာမှ တဖြည်းဖြည်းနှင့် ပြည်ထောင်စု တစ်ခုဖြစ်လာခဲ့သည်။ ပြည်ထောင်စုဟူသည် ပြည်ထောင်များကို ပေါင်းစုထားခြင်းဖြစ်သည်။ လူမျိုးအသီးသီးတို့ စုစည်းနေထိုင်ရာဒေသများကို ပေါင်းစည်းထားခြင်းဖြစ်သည်။ ပေါင်းစည်းထားခြင်းသည် ဘုံအကျိုးစီးပွားကို ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် ဘုံရန်သူကို စုပေါင်းကာကွယ်ကြရန်ဖြစ်သည်။**

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာ မှီတင်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်ခါတစ်ရံတွင် သဘောကွဲလွဲမှုများရှိတတ်သည်။ ရံဖန်ရံခါတွင် မပြေလည်မှု၊ ပြဿနာများလည်းရှိတတ်သည်။ အခန့်မသင့်လျှင် ပဋိပက္ခများလည်းဖြစ်ပေါ်တတ်သည်။ သို့ရာတွင် တစ်အူထုံ့ဆင်း တစ်မြေတည်းနေ တိုင်းရင်းသားမျိုးနွယ်စုများ အချင်းချင်းဖြစ်သောကြောင့် နားလည်ခွင့်လွှတ်ကြသည်။ တစ်ခဏနှင့်ပြန်လည်ပြေလည်သွားကြသည်။ အကျိုးတူပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့ကြသည်။ ဘုံရန်သူဖြစ်သည့် ပြည်ပကျူးကျော်သူရန်သူများကို လက်တွဲတွန်းလှန်ခဲ့ကြသည်။

### စွဲစွဲမြဲမြဲကျင့်သုံးခဲ့

တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်ကြ၍ တစ်ဦးအကျိုးစီးပွားဆုတ်ယုတ်ပျက်စီးခြင်းကို တစ်ဦးကမပြုသင့်၊ တစ်ဦး၏အကျိုးစီးပွား တိုးတက်ကြီးပွားခြင်းကိုသာ တစ်ဦးက ပြုဆောင်သင့်သည်ဟူသော အတွေးအမြင်ခံယူချက်ကို စွဲစွဲမြဲမြဲကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဤအသိစိတ်ဓာတ်၊ ဤအတွေးအမြင်ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို ခိုင်ခိုင်ခံ့ခံ့ ထည်ထည်ဝါဝါတည်ဆောက်နိုင်ခဲ့သည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ပုဂံခေတ်ကပင် ပြည်ထောင်စုစိတ်ဓာတ်ခိုင်ခိုင်မာမာတည်ရှိနေပြီ။ ထိုပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု သမိုင်းမော်ကွန်းတင်ရမည်ဖြစ်သည်။ ပုဂံခေတ်ကတည်းက အခိုင်အမာတည်ရှိပြီးဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် မြန်မာနိုင်ငံကို မတရားကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲပြီး နယ်ချဲ့ဗြိတိသျှတို့က ၁၈၈၆ ခုနှစ်တွင် သိမ်းပိုက်သည့်အခါ၌ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရောက်ရာဒေသအသီးသီးမှ ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့ကို ၂၀ ရာစုဆန်းအထိ ရဲဝံ့စွာတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဤသမိုင်းဖြစ်ရပ်များကို တိုင်းရင်းသားတို့၏နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းအဖြစ် ကမ္ဘည်းမော်ကွန်းတင်ထားသည်။

### ခွဲခြားအုပ်ချုပ်ခဲ့

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ခဲ့သည်။ နယ်ချဲ့ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ်က




၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာ ချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သော ပင်လုံကျောက်တိုင်။

မြန်မာဒေသ၊ မွန်ဒေသ၊ ရခိုင်ဒေသတို့ကိုပေါင်းလျက် ပြည်မဟူ၍ ခွဲခြားအုပ်ချုပ်ခဲ့သည်။ ရှမ်း၊ ကချင်၊ ကရင်၊ ကယား (ကရင်နီ)နှင့် ချင်းဒေသတို့ကို တောင်တန်းအထူးဒေသဟူ၍ ပြည်မနှင့်တောင်တန်း ခွဲခြားအုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ မြန်မာတို့၏အမျိုးသားနိုင်ငံရေးနိုးကြားမှု၊ ကမ္ဘာ့နိုင်ငံများ၏နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်ပြင်းထန်လာသောကြောင့် မြန်မာနိုင်ငံကို မဖြစ်မနေလုံးဝလွတ်လပ်ရေးပေးရတော့မည့်အခြေအနေသို့ ရောက်လာခဲ့သည်။

### ပြဿနာတစ်ရပ်ဖြစ်

နယ်ချဲ့ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါ ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသများကို ချန်လှပ်ထားလိုသည့် သဘောရှိခဲ့သည်။ ထိုသဘောထားကို နယ်ချဲ့အစိုးရက ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် စက္ကူဖြူစာတမ်း၌ တွေ့ရသည်။ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများက ဆန္ဒမရှိသရွေ့ ထိုဒေသများကို ဘုရင်ခံက သီးခြားအုပ်ချုပ်သွားမည်ဟု စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

ဤအချက်သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရသည့်တိုင် တောင်တန်းဒေသများကို ချန်ထားမည့် ဗြိတိသျှတို့သဘောထားမှာ ထင်ရှားပေါ်လွင်နေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ၊ လွတ်လပ်ရေးရရှိပြီးကာလများ၌ ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် အမိနိုင်ငံ ရေမြေပေါ်တွင် နှစ်ပေါင်းထောင်ချီ အတူတကွကြီးပြင်းနေထိုင်ခဲ့ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးတို့တွင် အကျိုးကျေးဇူးဖြစ်ထွန်းအောင် စိတ်တူကိုယ်တူ အတူတကွစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တရားတော်အရ အဆွေခင်ပွန်းများဖြစ်ကြသည်။ ထို့ကြောင့်လည်း ဤပြည်ထောင်စုကြီးတွင် နှစ်ပေါင်းထောင်ချီ အတူလက်တွဲနေထိုင်ခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့ ၁၈၂၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း သုံးကြိမ်၊ သုံးပိုင်း သိမ်းပိုက်အုပ်ချုပ်ခဲ့ရာ၌ တစ်စုတစ်စည်းတည်း စုစည်းနေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးအသီးသီးကြားတွင် သွေးခွဲအုပ်ချုပ်သည့်နည်းဖြင့် အုပ်ချုပ်နေထိုင်စေခဲ့သည်။

### သတိပေးနှိုးဆော်ချက်

ဤသည်ကို နယ်ချဲ့လက်အောက်ခံဘဝသို့ ကျရောက်နေသည့် ၁၉၀၅ ခုနှစ်တွင် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်တွင် ထည့်သွင်းရေးဖွဲ့၍ တိုင်းရင်းသားလူမျိုးအသီးသီးတို့ကို သတိပေးခဲ့သည်။

**မေတ္တာဝေမျှ၊ ဤလောက၌**
**သတ္တဖဝါး၊ အတူသွားက**
**မည်ငြားစင်စစ်၊ ခင်ပွန်းဖြစ်၏။**
**ဆယ့်နှစ်လှမ်းသော်၊ အဖော်သဟဲ**
**လခွဲဉာတိ၊ မည်ဘိမပျက်။**
**ထို့ထက်လွန်စွာ၊ ရက်ကြာကာလ**
**ပေါင်းဖက်ကြမူ၊ အတ္တသမာ**
**မှန်စွာထိုလူ၊ ကိုယ်နှင့်တူ၏။**
**အယူထွေပြား၊ ထိုသူများအား**
**ပြစ်မှား စိတ်မှာ၊ မရှိရာဘူး။**

ဟူသော ဆရာတော်ဘုရားကြီး၏ သတိပေးနှိုးဆော်ချက်သည် အလွန်တရာထိရောက်တာသွားလှသည်။ နယ်ချဲ့ဗြိတိသျှတို့၏ ကိုလိုနီကျွန်သက်ရှည်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေရေးစီမံကိန်းကို စာပေပညာဖြင့် အသိပေးဟန့်တားခဲ့သည်။ မိစ္ဆာဒိဋ္ဌိတို့၏အယူ၊ မိစ္ဆာဒိဋ္ဌိတို့၏လမ်းစဉ်သည် မြန်မာတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် ဖီလာဆန့်ကျင်နေကြောင်း၊ တရားဓမ္မလမ်းကြောင်းမှ သွေဖည်နေ၍ လားရာဂတိမကောင်းကြောင်းတို့ကို ဆရာတော်ဘုရားကြီးက ထုတ်ဖော်ညွှန်ပြခဲ့သည်။

### ဟန့်တားရေးဖွဲ့လှုံ့ဆော်

အလားတူ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမဉ္ဇူရီ၊ နီတိမာလာ စသောနီတိကျမ်းများတွင် မြန်မာ့အတွေးအမြင်၊ ဆင်ခြင်တုံတရားများ၊ လောကလူ့ဘောင်အဖွဲ့အစည်း၌ လူတို့လိုက်နာကျင့်သုံးရမည့်အချက်များ၊ သတိပြုရှောင်ကြဉ်ရမည့်အချက်များကို အသိပေးထားသည်။ အမျိုးအနွယ်ကိုစောင့်ထိန်းရမည့်အချက်ကိုလည်း အကျိုးသင့်အကြောင်းသင့် တင်ပြထားသည်။ ဝံသာနုရက္ခိတတရားကို ဇာတ်ဝတ္ထုအထောက်အထား၊ ရာဇဝင်ကျမ်းဂန်အထောက်အထား၊ ပျို့ကဗျာလင်္ကာ စာပေအထောက်အထားသာမက လောကသဘာဝလူ့သဘာဝမျက်မြင်ကိုယ်တွေ့အထောက်အထားများဖြင့် ရေးသားအသိပေးထားသည်။

စာရေးဆရာကြီး ဦးလတ်၏ "ရွှေပြည်စိုး" ဝတ္ထုတွင် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးသောဝတ်လုံတော်ရ မောင်သောင်းဖေ၊ ကိုယ်ကျင့်တရားစံ ချွတ်ယွင်းကာ ကိုယ့်နိုင်ငံသားအမျိုးသမီးကို စောင့်ရှောက်ရမည့်အစား စော်ကားမော်ကားပြုလိုသော အမိန့်တော်ရမောင်ကိတ္တိတို့ကို ကဲ့ရဲ့စရာ၊ ရှုတ်ချစရာကောင်းအောင်သရုပ်ဖော်ရေးဖွဲ့ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက်စိမ့်ဝင်လာမှုကို အမျိုးသားရေးသတိဖြင့် ဟန့်တားကြရန် ရေးဖွဲ့လှုံ့ဆော်ခဲ့သည်။

ထို့အပြင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချို၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ ပီမိုးနင်း၊ ဦးပဂျီိုစသော စာပေပညာရှင်များကလည်း နယ်ချဲ့ဗြိတိသျှလက်အောက်ရှိ တိုင်းရင်းသားပြည်သူများအသီးသီးတို့၏ ငုပ်လျှိုးနေသော ဇာတိမာန်စိတ်ဓာတ် တက်ကြွလာအောင်၊ အသိအမြင်ကျယ်ပြန့်လာအောင်၊ အတွေးအခေါ်မြင့်မားလာအောင် သုတစာပေ၊ ရသစာပေများကို ရေးဖွဲ့ခဲ့ကြသည်။ ဤသို့ရေးဖွဲ့ရာတွင် အမိမြန်မာနိုင်ငံတော်ကြီးကို တစ်စုတစ်စည်းတည်း စတင်တည်ထောင်ခဲ့သော ပုဂံခေတ်မှစတင်၍ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ရင်တွင်းနှလုံးသားအတွင်း၌ တည်ရှိခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြန်လည်ရှင်သန်နိုးကြားလာအောင် ထိရောက်စွာ ရေးဖွဲ့နိုင်ခဲ့သည်။

စာမျက်နှာ ၁၁ သို့

**○ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်ကြ၍ တစ်ဦးအကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးခြင်းကို တစ်ဦးကမပြုသင့်၊ တစ်ဦး၏အကျိုးစီးပွား တိုးတက်ကြီးပွားခြင်းကိုသာ တစ်ဦးကပြုဆောင်သင့်သည်ဟူသော အတွေးအမြင်ခံယူချက်ကို စွဲစွဲမြဲမြဲကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဤအသိစိတ်ဓာတ်၊ ဤအတွေးအမြင်ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို ခိုင်ခိုင်ခံ့ခံ့ ထည်ထည်ဝါဝါတည်ဆောက်နိုင်ခဲ့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ကြို ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများ (၃-၂-၂၀၂၂) ရက်နေ့တွင် ဖွင့်လှစ်မည်

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသော (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့ကြိုသင်တန်းအသီးသီးကို (၃-၂-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) ဒုတိယနှစ် (Semester IV) (ဒုတိယနှစ်ဝက်)

( ခ ) တတိယနှစ် (Semester VI) (ဒုတိယနှစ်ဝက်)

၂။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီးပါက ကာကွယ်ဆေးထိုးပြီးကြောင်း ကတ်ပြားနှင့်အတူ ကျောင်းအပ်ချိန်တွင် သတင်းပို့ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေး မထိုးနှံရသေးပါက ကျန်းမာရေးဝန်ကြီးဌာနနှင့် အမြန်ဆုံးပူးပေါင်းကာ ဆေးထိုးနှံရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား **Website www.yau.edu.mm** တွင် ဖော်ပြထားမည်ဖြစ်ပြီး ဖုန်း ၀၉၂၅-၄၃၂၅-၁၅၅ နှင့် ၀၉၂၅-၄၀၂၃-၃၈၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ခြင်း

၁။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသော (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့ကြိုသင်တန်းအသီးသီးကို (၃-၂-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်-

(က) တိရစ္ဆာန်ဆေးပညာ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)

( ခ ) တိရစ္ဆာန်ဆေးပညာ တတိယနှစ် (ဒုတိယနှစ်ဝက်)

( ဂ ) တိရစ္ဆာန်ဆေးပညာ ဒုတိယနှစ် (ဒုတိယနှစ်ဝက်)

(ဃ) မွေးမြူရေးပညာ ဒုတိယနှစ် (ဒုတိယနှစ်ဝက်)

၂။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးပါက ကာကွယ်ဆေးထိုးပြီးကြောင်း ကတ်ပြားနှင့်အတူ သင်တန်းရေးရာဌာနသို့ ကျောင်းအပ်ချိန်တွင် သတင်းပို့ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေးမထိုးနှံရသေးပါကလည်း ကာကွယ်ဆေးထိုးနှံရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အမြန်ဆုံးပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား သင်တန်းရေးရာဌာန ဖုန်း ၀၆၇-၃၄၁၆၆၅၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

*စာမျက်နှာ ၁၀ မှ*

### သမိုင်းမှတ်တိုင် ပင်လုံစာချုပ်

မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရမည့် အခြေအနေသို့ရောက်သောအခါ နယ်ချဲ့တို့သည် တောင်တန်းဒေသကို လွတ်လပ်ရေးမပေးဘဲ ချန်ထားနိုင်ရန် ကြိုးပမ်းအားထုတ်လာခဲ့သည်။ ထိုအရေးကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ပင်လုံတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မြန်မာပြည်နှင့်ပေါင်း၍ လွတ်လပ်ရေးယူမှသာ ရှမ်း၊ ချင်း၊ ကချင် အစရှိသော တိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို အလျင်အမြန်ရမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ပူးပေါင်းကြရန်သဘောတူခဲ့သည်။ ဤသို့ဖြင့် လွတ်လပ်ရေး၏သန္ဓေ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ပင်လုံစာချုပ်သည် တိုင်းရင်းသားလူမျိုးအသီးသီး၏ စည်းလုံးညီညွတ်မှုကို အထင်အရှားပြသသည့် မှတ်တိုင်တစ်ခုဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ကလေးတွင် သမိုင်းဝင်ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ကြောင့် နယ်ချဲ့ဗြိတိသျှတို့သည် တိုင်းရင်းသားလူမျိုးအားလုံး၏ သွေးစည်းညီညွတ်မှုအင်အားကို အလေးဂရုပြုလာရသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို လေးစားလာရသည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ရှောင်လွှဲမရတော့ပေ။ တောင်တန်းပြည်မ ခွဲခြားထားရန် အကြံအစည်မမြောက်တော့ပေ။ ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးကြောင်း ပင်လုံမြေတွင် သက်သေပြနိုင်ခဲ့သည်။ တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်စည်းတစ်လုံးတည်း သွေးစည်းခဲ့ကြသည်။

**တိုင်းရင်းသားအလေးထား**

ပြည်ထောင်စုစိတ်ဓာတ်သည် လွတ်လပ်ရေးအတွက် အရေးကြီးသကဲ့သို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သော ကာလ၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သောကာလများတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာစေအောင် စာပေ၊ သဘင်၊ ရုပ်ရှင်၊ ဂီတတို့ဖြင့် အစဉ်နှိုးဆော်နိုးကြားနေစေရသည်။ ယင်းသို့ဆောင်ရွက်နေသည်မှာ သရုပ်ဖော်အမွှမ်းတင်နေခြင်းမဟုတ်ပေ။ လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စု၏ အနှစ်သာရကို ထုတ်ဖော်နေခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများကို အလေးအနက်ထားသည့်သဘောဖြစ်သည်။

မျက်မှောက်ကာလသည် နိုင်ငံတစ်နိုင်ငံအား စစ်ရေးဖြင့် ကျူးကျော်သောကာလမဟုတ်ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူ့အခွင့်အရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု စသည်တို့ကို အသုံးချ၍ နည်းပရိယာယ်အမျိုးမျိုးဖြင့် ထိုးဖောက်စွက်ဖက်ကျူးကျော်နေသောကာလဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားအချင်းချင်း သွေးခွဲခြင်းဖြစ်သည့် သွေးထိုးလှုံ့ဆော် ထောက်ပံ့အားပေးနေမှုများကို သတိပြုရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ခေါင်းပါးလျှင် တိုင်းပြည်အန္တရာယ်ရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ထို့ကြောင့် စာပေ၊ သဘင်၊ ရုပ်ရှင်၊ ဂီတတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်နှိုးဆော်နေရမည်ဖြစ်သည်။ အစဉ်နိုးကြားနေစေရမည်ဖြစ်သည်။ သို့မှသာ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာပြီး ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။ ။

**ကိုးကားချက် - ပညာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ၂၀ ရာစုမြန်မာနိုင်ငံ။**

◆ *ကျောဖုံးမှ*

အကာအကွယ်ပြု၍ ပစ်ခတ်တိုက်ခိုက်ခြင်းအပါအဝင် အခြားအကြမ်းဖက်မှု လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ကယားပြည်နယ်အတွင်း လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၃ နာရီခန့်တွင် လွိုင်ကော်မြို့နယ် ဘာဒိကျေးရွာ အဆောက်အဦတစ်လုံးအတွင်းမှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့တွင် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသည့် အသင်းအဖွဲ့ ဆိုင်းဘုတ်ဖြစ်သော (AVSI) People For Development ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ လက်ဆွဲအိတ် အလုံး ၁၂၀၊ ခေါက်ဆွဲထုပ် ၁၉၅၀၊ ကွေကာအုပ် ၁၂၀၊ အသားဘူးမျိုးစုံ ၇၆၀၊ ဆီဘူး ၅၅၀၊ စောင်အထည် ၁၀၀ နှင့် ကုလားပဲ၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာခဲ အစရှိသည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပစ္စည်းများနှင့်ပတ်သက်၍ စိစစ်ချက်များအရ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများကို ထောက်ပံ့ရန် လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း စိစစ်သိရှိရပြီး တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကယားပြည်နယ်အတွင်း နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဒေသခံ ပြည်သူလူထုအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်၌ အကြမ်းဖက်မှုများ ပြုလုပ်ရန် ကြံစည်နေမှုများ၊ အကြမ်းဖက်မှုများကို လုပ်ဆောင်ရန် တစ်နည်းနည်းဖြင့် အားပေးအားမြှောက်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါက လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



လွိုင်ကော်မြို့နယ်အတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများအား ထောက်ပံ့ရန် စီစဉ်ထားသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။





လွိုင်ကော်မြို့နယ်အတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများအား ထောက်ပံ့ရန် စီစဉ်ထားသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# အင်္ဂလန်၌ ကိုဗစ် -၁၉ နှင့်ပတ်သက်၍ ချမှတ်ထားသော ပြည်ဝင်ခွင့်တင်းကျပ်မှုများကို ဖြေလျှော့ပေးတော့မည်




လန်ဒန်အနောက်ပိုင်း ဟီသရိုးလေဆိပ်တွင် ခရီးသည်အချို့ကို တွေ့ရစဉ်။

**လန်ဒန် ဇန်နဝါရီ ၂၅**
ဗြိတိန်အစိုးရသည် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ကာ အင်္ဂလန်သို့ ဆိုက်ရောက်လာသူများမှာ ကိုဗစ်– ၁၉ ကာကွယ်ဆေးအပြည့်ထိုးပြီးပါက ဆေးစစ်မှုပြုလုပ်ရမည်ဟူသော ကန့်သတ်ချက်ကို ဖယ်ရှားတော့မည်ဟု ပြောသည်။

အဆိုပါကြေညာချက်ကို သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂရန့်ရှိတ်ပ်က ဇန်နဝါရီ ၂၄ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ ကိုဗစ် –၁၉ ကူးစက်မှုများမှာ ကျဆင်းလာပြီဖြစ်သည့်အတွက် ယခုလိုလျှော့ပေါ့မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုလအစောပိုင်းတွင် နေ့စဉ်ကူးစက်မှုမှာ ၂၀၀၀၀၀ ထက် ကျော်လွန်ခဲ့သော်လည်း ယခုအခါ နေ့စဉ်ကူးစက်မှုမှာ ၁၀၀၀၀၀ အောက်သို့ ကျဆင်းလာပြီဖြစ်သည်။

ထို့ပြင် ပြင်းပြင်းထန်ထန် ဖျားနာသူဦးရေမှာလည်း ကျဆင်းလာသည်။ အပိုဆောင်းကာကွယ်ဆေးထိုးပေးခြင်းများကိုလည်း ဖြည်းဖြည်းနှင့်မှန်မှန် လုပ်ဆောင်လျက်ရှိသည်။ အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ် –၁၉ ကာကွယ်ဆေးတတိယအကြိမ် ထိုးပြီးသူဦးရေမှာ ၆၄ ရာခိုင်နှုန်းရှိပြီဟု သိရသည်။

အိုမီခရွန်ကူးစက်မှုမှာ ဗြိတိန်တွင်လွှမ်းမိုးနိုင်သည့် ဗိုင်းရပ်စ်ဖြစ်လာခဲ့သည်။ လေကြောင်းလိုင်းနှင့် ခရီးသွားလုပ်ငန်းများမှာ ကိုဗစ် –၁၉ ကပ်ရောဂါကြောင့် ဆိုးဆိုးရွားရွားထိခိုက်စေခဲ့သည်။ ယင်းလုပ်ငန်းများသည် ယခုကြေညာချက်ကို ကြိုဆိုခဲ့ကြသည်။

ဗြိတိန်နိုင်ငံသည် နိုင်ငံအတွင်း တင်းကျပ်သည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ကာ ဗိုင်းရပ်စ်ကို ရှင်းလင်းနိုင်ရေးထက် ဗိုင်းရပ်စ်နှင့်အတူ ယှဉ်တွဲနေထိုင်နိုင်ရေးကိုသာ ပုံဖော်လျက်ရှိသည်။

ဇန်နဝါရီ ၂၇ ရက်မှစတင်ကာအင်္ဂလန်၌ အများပြည်သူများနှင့်သက်ဆိုင်သည့် အဆောက်အအုံ ပြင်ပနေရာများ၌ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် မလိုအပ်တော့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကိုဗစ် -၁၉ မှ ကာကွယ်ရန် နယူးဇီလန်ရှိ စာသင်ကျောင်းများတွင် လေသန့်စင်စက် ၅၀၀၀ တပ်ဆင်မည်

**ဝယ်လင်တန် ဇန်နဝါရီ ၂၅**
နယူးဇီလန်နိုင်ငံ၌ ယခုနှစ်အတွက် ပထမစာသင်နှစ်ဝက်ကာလ စာသင်ကျောင်းများ ပြန်ဖွင့်ရန် ပြင်ဆင်လျက်ရှိရာ စာသင်ကျောင်းများတွင် လေသန့်စင်စက် ၅၀၀၀ တပ်ဆင်သွားရန် ပညာရေးဝန်ကြီး ခရစ်ဟစ်ပ်ကင်က ဇန်နဝါရီ ၂၅ ရက်တွင် ပြောသည်။

ကာကွယ်ဆေးထိုးခြင်း၊ ဆေးစစ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ခြင်း၊ လူအချင်းချင်း ခပ်ခွာခွာနေခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်းတို့မှာ လေထဲမှ ကူးစက်ပျံ့နှံ့သော ဗိုင်းရပ်စ်၏ကူးစက်မှုအန္တရာယ်ကို လျှော့ချပေးနိုင်သည်ဟု ဟစ်ပ်ကင်က ပြောသည်။

စာသင်ကျောင်းများတွင် လေဝင်လေထွက်ကောင်းမွန်ရန်နှင့် လေကောင်းလေသန့်ရရှိရန် တံခါးများနှင့် ပြတင်းပေါက်များ ဖွင့်ထားရခြင်းမှာ လက်တွေ့မကျဟု ၎င်းကဆက်ပြောသည်။

လေသန့်စင်စက် ၅၀၀ မှာ မတ်လအတွင်း ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး ၄၅၀၀ မှာ ဇွန်လမှ ရောက်ရှိမည်ဟု မျှော်မှန်းထားသည်။ အဆိုပါလေသန့်စင်စက်များကို လာမည့်လများတွင် အချို့သော စာသင်ကျောင်းများ၏ သတ်မှတ်ထားသည့်နေရာများတွင် အသုံးပြုသွားမည်ဟု သိရသည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် တိုက်ရိုက်နျူကလီးယားဆွေးနွေးရန် အီရန် အရိပ်အမြွက်ပြော

**တီဟီရန် ဇန်နဝါရီ ၂၅**
အီရန်နိုင်ငံသည် အမေရိကန်နှင့် တိုက်ရိုက်နျူကလီးယားဆွေးနွေးပွဲပြုလုပ်ရန် စဉ်းစားလျက်ရှိသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်က အီရန်နှင့် တိုက်ရိုက်ဆွေးနွေးမှု ပြုလုပ်ရန် တောင်းဆိုခဲ့သော်လည်း ယခုအချိန်ထိ အီရန်နိုင်ငံဘက်က ပယ်ချခဲ့သည်။ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးပွဲ ပြုလုပ်မည့်အစား ဥရောပသမဂ္ဂနှင့် အခြားသော အဖွဲ့အစည်းများကို ကြားခံထားကာ သွယ်ဝိုက်သောဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။

အီရန်နှင့် အမေရိကန်တို့အကြား သွယ်ဝိုက်သော ဆွေးနွေးပွဲမှာ မကြာမီ ပြီးမြောက်တော့မည်ဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန်အမီရာအဗ္ဗလာအန်က တီဟီရန်မြို့တွင် ဒေသတွင်းမီဒီယာများကို ပြောသည်။

အကယ်၍ ယင်းသို့ဆွေးနွေးခြင်းဖြင့် ခိုင်မာသော သဘောတူညီမှုဆီ ဦးတည်လာနိုင်ပါက အီရန်သည် အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးမှု ပြုလုပ်ရန် ပြင်ဆင်မှုများ ပြုလုပ်သင့်ပြီဟုလည်း ၎င်းကဆက်ပြောသည်။



ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အီရန်နှင့် သွယ်ဝိုက်သော ဆွေးနွေးပွဲကို ၂၀၂၁ ခုနှစ် ဇွန် ၂၀ ရက်က ပြုလုပ်စဉ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း တိုက်ရိုက်ဆွေးနွေးပွဲများပြုလုပ်ရန် တံခါးဖွင့်ထားဆဲဖြစ်သည်ဟု ပြောသည်။ တိုက်ရိုက် ဆွေးနွေးမှုများပြုလုပ်ရန် ပြင်ဆင်မှုများပြုလုပ်နေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က ပြောသည်။

အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံကြား ပြုလုပ်ထားသည့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီမှုကို ရှေ့ဆက်နိုင်ရန်ဦးတည်၍ ဆွေးနွေးနေခြင်းဖြစ်သည်။

အမေရိကန် သမ္မတဟောင်းဒေါ်နယ်ထရမ့်လက်ထက် အဆိုပါသဘောတူညီမှုမှ နုတ်ထွက်ပြီးနောက် အီရန်အပေါ် ပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့သည်။ အီရန်နိုင်ငံဘက်မှလည်း နျူကလီးယားအစီအစဉ်များကို ပြန်လည်စတင်ခဲ့ပြီး အရှိန်အဟုန်မြှင့်တင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တူရကီနိုင်ငံ၌ ပြင်းထန်သည့် နှင်းမုန်တိုင်းကြောင့် အစ္စတန်ဘူလ်လေဆိပ်ရှိ လေကြောင်းခရီးစဉ်များအားလုံး ဖျက်သိမ်း

**အစ္စတန်ဘူလ် ဇန်နဝါရီ ၂၅**
တူရကီနိုင်ငံ အစ္စတန်ဘူလ်လေဆိပ်တွင် ဇန်နဝါရီ ၂၄ ရက်က ပြင်းထန်သည့် နှင်းမုန်တိုင်းကြောင့် လေကြောင်းလုံခြုံစိတ်ချရမှုအတွက် စိုးရိမ်ရသဖြင့် လေကြောင်းခရီးစဉ်များအားလုံးကို ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။

ရာသီဥတုဆိုးရွားမှုကြောင့် လေကြောင်းခရီးစဉ်များကို ယာယီအားဖြင့်ရပ်နားခဲ့ရသည်ဟု လေဆိပ်အာဏာပိုင်အဖွဲ့က ၎င်းတို့၏ တွစ်တာစာမျက်နှာမှတစ်ဆင့် ကြေညာခဲ့သည်။ မလိုအပ်ဘဲ ခရီးမထွက်ကြရန်လည်း အစ္စတန်ဘူလ်အုပ်ချုပ်ရေးမှူး အလီယာလီကာရာက ဒေသခံများကို တောင်းဆိုခဲ့သည်။

နှင်းများထူထပ်စွာကျမှုကြောင့် လမ်းများပိတ်ဆို့မှုဖြစ်ပွားနေသဖြင့် မြူနီစပယ်လုပ်သား ၇၄၀၀ မှာ အဆိုပါနှင်းများကို ရှင်းလင်းနိုင်ရေး ကြိုးပမ်းနေကြသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားအနောက်ပါပူဝါရှိ ကလပ်တစ်ခု၌ မီးလောင်မှုနှင့် ရန်ပွဲဖြစ်ပွားပြီး ၁၈ ဦးထက်မနည်းသေဆုံး

**ဂျကာတာ ဇန်နဝါရီ ၂၅**
အင်ဒိုနီးရှားနိုင်ငံ အနောက်ပါပူဝါပြည်နယ် ဆိုရွန်းမြို့ ကလပ်တစ်ခု၌ အုပ်စုနှစ်စုကြား ရန်ပွဲဖြစ်ပေါ်ခဲ့ရာ လူ ၁၈ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ရဲအဖွဲ့က ဇန်နဝါရီ ၂၅ ရက်တွင် ပြောသည်။

ညကလပ်တွင် အကြမ်းဖက်မှုဖြစ်ပေါ်ပြီး မီးလောင်မှုကြောင့်လည်း ယခုလို လူသေဆုံးမှုများ ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု ရဲကပြောသည်။ ဇန်နဝါရီ ၂၄ ရက်ညပိုင်းက အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒါဘယ်အိုအမည်ရှိသော ညကလပ်တွင် တစ်ဦးမှာ ဓားထိုးခံရခြင်းဖြစ်ပြီး ကျန် ၁၇ ဦးမှာ မီးလောင်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ရဲအရာရှိဖြစ်သူ အေရီနာယိုတိုဆက်တီယာဝန်က ပြောသည်။

မီးလောင်ရခြင်းနှင့် ပတ်သက်၍ ရဲများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ညကလပ်၏ ပထမထပ်တွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။

လူများကိုတတ်နိုင်သမျှ ကယ်တင်နိုင်ရေး ကြိုးပမ်းခဲ့သော်လည်း မီးငြိမ်းသွားသည့်အခါ အလောင်းများ တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိ ဆက်တီယာဝန်ကပြောသည်။

**အေအက်ဖ်ပီ**



မီးလောင်မှုကြောင့် ပျက်စီးနေသည့် ညကလပ်ကို တွေ့ရစဉ်။

# အိုမီခရွန်မျိုးကွဲရပ်စ်သစ်ကူးစက်မှုမြင့်တက်နေချိန်တွင် အပိုဆောင်းကာကွယ်ဆေးထိုးပြီးသူအပါအဝင် အင်ဒိုနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာ ၃၀၅ ဒသမ ၅၀ သန်းရှိလာ

ဂျကာတာ ဇန်နဝါရီ ၂၅

**အင်ဒိုနီးရှားနိုင်ငံ၌ အိုမီခရွန်မျိုးကွဲရပ်စ်သစ်ကူးစက်ဖြစ်ပွားမှုမြင့်တက်နေသည့်အချိန်တွင် ဇန်နဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၈၇၈ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစကာ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေ့တစ်နေ့ဖြစ်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာလည်း ၄၂၉၄၁၈၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။**



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေရာတွင် ကာကွယ်ဆေးလာရောက်ထိုးနှံသူ တစ်ဦးအား ကျန်းမာရေးဝန်ထမ်းတစ်ဦးက ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် လူ ၂၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၄၂၄၇ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၈၆၉ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၂၅၀၈၀ အထိ ရှိလာသည်။

ဇန်နဝါရီ ၂၅ ရက်ထုတ်ပြန်ချက်တွင် ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က နိုင်ငံအတွင်း အိုမီခရွန်မျိုးကွဲရပ်စ်ကူးစက်ဖြစ်ပွားမှု မြင့်တက်နေချိန်တွင် ပြည်သူလူထုကို သတိထားနေထိုင်ကြရန် တိုက်တွန်းထားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အစိုးရသည် အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်မြှင့်တင်ခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၁၈၂ ဒသမ ၀၂ သန်း ကိုဗစ်-၁၉ ပထမအကြိမ် ထိုးနှံမှုခံယူပြီးပြီဖြစ်ကာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူပေါင်းမှာလည်း ၁၂၅ ဒသမ ၁၀ သန်းကျော်ရှိလာပြီဖြစ်သည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆီနိုဗက်ကို အရေးပေါ်အသုံးပြုရန် သက်ဆိုင်ရာ အာဏာပိုင်များက အတည်ပြုလိုက်ချိန်မှစကာ အင်ဒိုနီးရှားနိုင်ငံတွင် အစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးနှံမှု ကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်ခဲ့သည်။ အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးအပြည့် အဝထိုးပေးနိုင်ရန် ရည်မှန်း ချက်ထားဆောင်ရွက်လျက်ရှိရာ တတိယအကြိမ် ကိုဗစ်-၁၉ အပိုဆောင်း ထိုးနှံမှုအပါအဝင် ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၃၀၅ ဒသမ ၅၀ သန်း ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတစ်နေ့အတွင်း အများဆုံးဖြစ်

ဟနွိုင်း ဇန်နဝါရီ ၂၅

ဗီယက်နမ်နိုင်ငံ၌ ဇန်နဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၇၄၃ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၄၄ ဦးနှင့် ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၁၅၆၉၉ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။



ဗီယက်နမ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၁၇၁၅၂၇ ဦးအထိ ရှိလာပြီး ၃၇၁၁၀ သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ဗီယက်နမ်မြို့တော် ဟနွိုင်းသည် ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ကာ ဇန်နဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၅၆ ဦး ရှိခဲ့သည်။ ထို့နောက် ဒါနန်မြို့တွင် ၉၈၆ ဦးနှင့် မြောက်ပိုင်း ဟိုင်ဖွန်မြို့တွင် ၇၀၄ ဦး ရှိခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၁၉၀၄၀၆၉ ဦး ရှိလာပြီး တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူ ၂၄ ဒသမ ၆ သန်း အပါအဝင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၁၇၇ ဒသမ ၄ သန်း ကျော်လွန်လာပြီဖြစ်သည်။

ဗီယက်နမ် နိုင်ငံသည် ပြင်းထန်သည့်နှုန်းဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက် လေးခုလုံး၏ ရိုက်ခတ်ခြင်းကို ယခုအချိန်အထိ ခံနေရဆဲဖြစ်သည်။ လွန်ခဲ့သောနှစ် ဧပြီလနှောင်းပိုင်းမှစတင်ဖြစ်ပွားခဲ့သည့် လက်ရှိ ကိုဗစ်-၁၉ လှိုင်းဂယက်ကြောင့် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂ ဒသမ ၁၆ သန်း ရှိခဲ့သည်။

**ဆင်ဟွာ**

## တောင်ကိုရီးယား၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ စံချိန်တင်မြင့်တက်

**ဆိုးလ် ဇန်နဝါရီ ၂၅**

အိုမီခရွန်မျိုးကွဲရပ်စ်ကူးစက်ဖြစ်ပွားမှုများနေသည့် တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ စံချိန်တင်မြင့်တက်လျက်ရှိသည်။ ဇန်နဝါရီ ၂၄ ရက်နေ့သည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နေ့တစ်နေ့အဖြစ် စံချိန်တင်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးအာဏာပိုင်များက ပြောကြားလိုက်သည်။ ယခုသီတင်းပတ်အကုန်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၁၀၀၀၀ ထက် ကျော်လွန်နိုင်ကြောင်း ၎င်းတို့က ခန့်မှန်းထားသည်။

ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များက ကျန်းမာရေးစနစ်အပေါ် ဝန်ပိစေမည့်အခြေအနေကို ထိန်းချုပ်ရန် ၎င်းတို့၏ သီးခြားခွဲခြားနေထိုင်သည့် မူဝါဒကို ပြောင်းလဲရန် ဆုံးဖြတ်ခဲ့သည်။ ဇန်နဝါရီ ၂၆ ရက်မှစပြီး ကူးစက်ခံထားရသူများသည် ကာကွယ်ဆေးထိုးထားသည့်အနေအထားပေါ်မူတည်ကာ နေအိမ်တွင် ၁၀ ရက်အစား ခုနစ်ရက်သီးသန့်ခွဲခြားနေထိုင်ရန် လိုအပ်မည်ဖြစ်သည်။

အနီးကပ်ထိတွေ့ခဲ့သော်လည်း ထိတွေ့ခဲ့သူအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားပါက ကွာရန်တင်းကင်းလွတ်ခွင့်ရှိမည်ဖြစ်သည်။ နိုင်ငံအနောက်တောင်ပိုင်းအပါအဝင် နိုင်ငံ၏ ဒေသလေးခုတွင် အိုမီခရွန်မျိုးကွဲရပ်စ်ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိသည်။

ဆင်ဟွာ

## နိုင်ငံ့စီးပွားရေးလုပ်ငန်းများကိုထောက်ပံ့ရန် အမေရိကန်ဒေါ်လာ သန်း ၄၁၀ ထောက်ပံ့မည့်အစီအစဉ်တစ်ခုကို အစ္စရေးဘဏ္ဍာရေးဝန်ကြီးပြော

**ဂျေရုဆလင် ဇန်နဝါရီ ၂၅**

အိုမီခရွန်မျိုးကွဲရပ်စ် အကျပ်အတည်းကာလနှင့် ရင်ဆိုင်ကြုံတွေ့နေရစဉ်အတွင်း နိုင်ငံ့စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ သန်း ၄၁၀ (ရှီကယ် ၁ ဒသမ ၃ ဘီလီယံ) ရှိ အစီအစဉ်တစ်ခုကို အစ္စရေး ဘဏ္ဍာရေး ဝန်ကြီးဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ အစီအစဉ်တွင် ထောက်ပံ့သူများကို အချိန်မဆိုင်းဘဲချက်ချင်း အစိုးရငွေပေးချေခြင်းအားဖြင့် စီးပွားရေးဆိုင်ရာငွေကြေးစီးဆင်းမှုလွယ်ကူစေခြင်း၊ အခွန်ပြန်အမ်းငွေများကို စောစောစီးစီး ထုတ်နိုင်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများသို့ ကြိုတင်ပေးသွင်းနိုင်ခြင်းများ ပါဝင်သည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများအတွက် ဗျူရိုကရက်တစ်လုပ်ငန်းစဉ်များကို လျှော့ပေါ့သက်သာစေခြင်း၊ အစိုးရအာမခံချေးငွေများ သဘောတူခွင့်ပြုပေးခြင်းနှင့် နိုင်ငံခြားတင်ပို့မှုအစီအစဉ်များ ဖြေလျှော့ပေးခြင်းများလည်း ပါဝင်သည်။

လတ်တလော မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုလှိုင်းဂယက်များတွင် မိမိတို့အနေဖြင့် သီးသန့်ကန့်သတ်နေထိုင်ခြင်းများကိုခွင့်ပြုပေးခြင်း၊ ကိုဗစ်-၁၉ လှိုင်းဂယက်ကြောင့် ကိုယ်ပိုင်အလုပ်များနှင့် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများအပေါ် လွှမ်းမိုးသက်ရောက်မှုများကြောင့် ခက်ခဲနေသော အခြေအနေနှင့် အချိန်ကာလကို သင့်လျော်သော ထောက်ပံ့မှုများ လုပ်ဆောင်ပေးခြင်းဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း အစ္စရေးဘဏ္ဍာရေးဝန်ကြီး အဗစ်ဒေါ် လိုင်ဘမန်းက ပြောသည်။

ယခုလိုလုပ်ဆောင်ခြင်းသည် စီးပွားရေးလုပ်ငန်းများကို ကူညီရန် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ကုန်ထုတ်လုပ်သူများ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရွန်တိုမာက ပြောသည်။ **ဆင်ဟွာ**

## ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရန် ဂျပန်အစိုးရ တစ်စိတ်တစ်ပိုင်း အရေးပေါ်ကြေညာချက်ကို ထပ်မံလွှမ်းခြုံဖြန့်ကြက်သွားမည်

**တိုကျို ဇန်နဝါရီ ၂၅**

ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရန်အတွက် ဂျပန်အစိုးရသည် တစ်စိတ်တစ်ပိုင်း အရေးပေါ်ကြေညာချက်တစ်ရပ်ကို သက်တမ်းထပ်မံတိုးမြှင့်သွားမည်ဖြစ်သည်။

ဇန်နဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၀၀၀၀ ကျော်ရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက အတည်ပြုခဲ့သည်။ အဆိုပါပမာဏသည် စံချိန်တင်ရလောက်အောင် မြင့်တက်လာသည့် ပမာဏဖြစ်သည်။ ၎င်းတို့ထဲမှ ၄၄၄ ဦးသည် စိုးရိမ်ရသောအခြေအနေတွင်ရှိကာ ယမန်နေ့ထက် ငါးဦးပိုလာခဲ့သည်။ ဂျပန်နိုင်ငံ၏ ခရိုင် ၄၇ ခုအနက် တိုကျိုအပါအဝင် ထက်ဝက်ကျော်ခန့်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိသည်။ တစ်စိတ်တစ်ပိုင်း အရေးပေါ်ကြေညာချက်ကို အိုဆာကာ၊ ကျိုတိုနှင့် ဟော့ကိုင်းဒိုး အပါအဝင် ခရိုင် ၁၈ ခု၌ ဖေဖော်ဝါရီ ၂၀ ရက်အထိ ထပ်မံ လွှမ်းခြုံဖြန့်ကြက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ် - ၁၉ ကာကွယ်ဆေး သတင်းအမှားများကြောင့် ကလေးငယ်များထိခိုက်နစ်နာရ

နှင်းမိုးအိမ်

ကိုဗစ် -၁၉ ကပ်ရောဂါမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်မှစတင်ကာ အမေရိကန်ပြည်ထောင်စုတွင် အရွယ်ရောက်ပြီးသူများ သေဆုံးမှုဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း ကိုဗစ် -၁၉ ကြောင့် ကလေးသူငယ်များသေဆုံးမှု နည်းပါးခဲ့သည်။ ကိုဗစ် -၁၉ မျိုးကွဲအိုမီခရွန်ကူးစက်မှုတွင်မူ ကလေးများတွင် ရောဂါကူးစက်မှုများပြားလာပြီး ဆေးရုံတက်ရမှုနှုန်းမှာလည်း မြင့်မားလာသည်။



ဇန်နဝါရီ ၈ ရက် အမျိုးသားကလေးများနေ့တွင် ပါဝင်ဆင်နွှဲနေကြသည့်ကလေးများကို တွေ့ရစဉ်။

## တွန့်ဆုတ်စေခဲ့

ကာကွယ်ဆေးထိုးနှံမှုကို ဆန့်ကျင်သည့် သတင်းအချက်အလက်အမှားများကြောင့်လည်း မိဘများ မိမိတို့၏ ကလေးငယ်များကို ကာကွယ်ဆေးထိုးပေးရန် တွန့်ဆုတ်စေခဲ့သည်။ ကလေးများကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်လာနိုင်မှုများပြားသည်ဆိုသော သတင်းအချက်အလက် အမှားများကြောင့် နစ်နာမှုများပေါ်ပေါက်ရသည်။

ကိုဗစ်-၁၉ ကြောင့် လူငယ်များသေဆုံးမှုနှုန်းမှာမူ ဆက်လက်နိမ့်ကျနေဆဲဖြစ်သည်။ ကာကွယ်ဆေးထိုးထားခြင်းဖြင့် ကိုဗစ် -၁၉ ကြောင့် ရောဂါလက္ခဏာဆိုးရွားပြင်းထန်မှုကို အကာအကွယ်ပေးနိုင်ပြီး မိခင်မှကလေးငယ်ကို ကူးစက်မှုကိုလည်း အကာအကွယ်ပေးကောင်းပေးနိုင်သည်။

## ထိခိုက်မှုဖြစ်ပေါ်စေခဲ့

သို့သော်လည်း အွန်လိုင်းပေါ်မှ ပြောကြားချက်များကြောင့် ကာကွယ်ဆေးထိုးရန် တွန့်ဆုတ်မှုများဖြစ်ပေါ်ရပြီး မိဘနှင့်ကလေးများကိုပါ ထိခိုက်မှုဖြစ်ပေါ်စေခဲ့သည်။ ကာကွယ်ဆေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ လျှင်လျှင်မြန်မြန် ဖြစ်ပေါ်လာရသည်။ ကာကွယ်ဆေးထိုးခြင်းဖြင့် အနာဂတ်တွင်ကလေးယူရန် ထိခိုက်မှုများရှိနိုင်သည်ဟု ပြောဆိုချက်အမှားများလည်း ထွက်ပေါ်နေသည်ဟု ဖွန်းနစ် ကလေးဆေးရုံမှ သမားတော် ဝက်စ်ဆန်ဘေလ်လန်က ပြောသည်။ သတင်းအချက်အလက်အမှားများကို နှိမ်နင်းနေရသည်မှာလည်း ၎င်း၏ အလုပ်တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

## အကောင်းဆုံးကာကွယ်ပေးနိုင်

သို့သော်လည်း ကလေးများဆေးရုံရောက်မှသာလျှင် မိဘများနှင့် ထိုအခြေအနေကို ဆွေးနွေးမိသည်ဟု ၎င်းကပြောသည်။ အချိန်အများကြီးအလဟဿ ဖြစ်ရသည်ဟု ပြောသည်။ မိဘများနားလည်ထားသင့်သည့်အရာမှာ ကာကွယ်ဆေးထိုးခြင်းဖြင့် ကလေးများကို အကောင်းဆုံးကာကွယ်ပေးနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ၂၇ ရာခိုင်နှုန်းသော ကလေးများသာ ကိုဗစ် - ၁၉ ကာကွယ်ဆေးကို ပထမအကြိမ်ထိုးရသေးသည်။

## အရွယ်ငယ်လွန်းသေး

ယခုလအတွင်း ကပ်ရောဂါကြောင့် ကလေးများဆေးရုံတက်ရမှုနှုန်းမှာလည်း ၉၁၄ ဦးရှိသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ကိုဗစ် -၁၉ ကြောင့် ကလေးသူငယ် ဆေးရုံတက်ရမှုနှုန်းမှာ ၃၄၂ ဦးသာရှိခဲ့ရာ ဆေးရုံ တက်ရမှုနှုန်းမြန်မြန်ဆန်ဆန်မြင့်မားလာခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ခုနှစ် ပထမပတ်တွင် တက္ကဆက်ပြည်နယ် ကလေးဆေးရုံ၌ ကိုဗစ် -၁၉ ကြောင့် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ၁၂ ဦးရှိသည်။ ကလေးငယ်များမှာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရန် အရွယ်ငယ်လွန်းနေသေးသည်။

## အကန့်အသတ်ဖြင့်အကာအကွယ်ပေးနိုင်

သို့သော်လည်း ဘရစ်ဂမ်နှင့် အမျိုးသမီးဆေးရုံမှ မိခင်နှင့်သန္ဓေသားအထူးကုတက်ရောက်နေသူ ကက်သရင်းဂေးက သုတေသနပြုမှုများအရ ကိုယ်ဝန်ဆောင်စဉ် ကာကွယ်ဆေးထိုးထားခြင်းဖြင့် ကလေးဆီသို့ ပဋိပစ္စည်းဘေးကင်းလုံခြုံစွာ လွှဲပြောင်းပေးနိုင်ပြီး အကန့်အသတ်ဖြင့် အကာအကွယ်ပေးနိုင်သည်ဟု တွေ့ရှိရကြောင်း ပြောသည်။ ကနဦးကာကွယ်ဆေးစမ်းသပ်မှုများတွင် ကိုယ်ဝန်ဆောင်မိခင်များကို ချန်လှပ်ထားခဲ့သည့်အတွက် မိခင်လောင်းများသည် ကာကွယ်ဆေးထိုးနှံမှုကို ခံယူရန် တွန့်ဆုတ်နေကြသည်။

## အသုံးချစရာဖြစ်နေခဲ့

ကက်သရင်းဂေးက ယင်းအခြေအနေများကို စောင့်ကြည့်နေသူတစ်ဦးလည်းဖြစ်သည်။ ကိုယ်ဝန်ဆောင်စဉ်အတွင်း ကာကွယ်ဆေးထိုးခြင်းဖြင့် မိခင်နှင့်ကလေးကိုပါ လုံခြုံစိတ်ချရသည်ဟူသော အချက်ကို မိဘများအားပြောပြရန် ယုံကြည်မှုအပြည့်ရှိသည်ဟု ၎င်းက ပြောသည်။ ကမ္ဘာ့နေရာအနှံ့အပြားမှ ကျန်းမာရေး အေဂျင်စီများသည်လည်း အလားတူပင်ပြောဆိုကြသည်။ ကနဦး လက်တွေ့စမ်းသပ်မှုအချက်အလက်များ ကင်းမဲ့နေခြင်းကြောင့် လူမှုကွန်ရက်မီဒီယာတွင် ကာကွယ်ဆေးထိုးနှံမှုကို ဆန့်ကျင်ရန်အတွက် အသုံးချစရာ ဖြစ်နေခဲ့သည်။

## သက်သေပြချက်မျိုးမရှိသေး

ကူးစက်ရောဂါ ဗေဒပညာရှင်များဖြစ်သည့် ကာလာဒီစစ်တိုနှင့် ဆာချာအယ်လင်တန်တို့သည် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှဖြစ်ကြပြီး အမေရိကန်တွင် ကလေးမွေးဖွားမှုနှုန်း ၁ ဒသမ ၂ သန်းကို လေ့လာပြီးနောက် ကပ်ရောဂါကာလအတွင်း ကလေးအသေ မွေးဖွားမှုနှုန်းမြင့်မားသည်ဆိုသော သက်သေပြချက်မျိုးမရှိဟု ပြောသည်။ သို့သော်လည်း ကိုယ်ဝန်ဆောင်စဉ် ကိုဗစ် – ၁၉ ကူးစက်မှုကြောင့် အန္တရာယ်ရှိပုံကိုမူ ထုတ်ဖော်ပြောကြားခဲ့သည်။

## ပစ်မှတ်တစ်ခုဖြစ်ခဲ့ရ

နို့ရည်တိုက်ကျွေးခြင်းမှာလည်း သတင်းအချက်အလက်အမှားများဖြန့်ဖြူးရာတွင် ပစ်မှတ်တစ်ခုဖြစ်ခဲ့ရသည်။ ကာကွယ်ဆေးထိုးထားသည့်မိခင်မှ ကလေးငယ်ကို နို့ချိုတိုက်ကျွေးခြင်းဖြင့် ကလေးတွင် အဖုအပိမ့်များဖြစ်ပေါ်ခြင်း သို့မဟုတ် အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်ဟူသော စာသားများကို လူမှုကွန်ရက်များတွင် တင်လာကြသည်။

နို့တိုက်မိခင်များ ကာကွယ်ဆေးထိုးခြင်းကို မိခင်နှင့် သန္ဓေသားဆေးပညာအသင်းက ထောက်ခံချက်ပေးထားသည်။ ကာကွယ်ဆေးထိုးခြင်းဖြင့် နို့တိုက်ခြင်းကို ရပ်တန့်စရာအကြောင်းမရှိဟု ပြောကြားခဲ့သည်။

## လေ့လာမှုပြုလုပ်လျက်ရှိ

ဖေ့စ်ဘွတ် သီးသန့်အုပ်စုများတွင် သတင်းအချက်အလက်အမှားများပျံ့နှံ့လာပြီး ထိုနေရာတွင် မိခင်များ နို့ရည်ရောင်းချခြင်းနှင့်မျှဝေခြင်းတို့ဖြစ်လာသည်ဟု အဖွဲ့ကြီးကြပ်သူများက အေအက်ဖ်ပီသို့ပြောသည်။

ကာကွယ်ဆေးထိုးထားသည့် မိခင်၏နို့ရည်သည် အကျိုးသက်ရောက်မှုရှိကြောင်း လေ့လာမှုများ ပြုလုပ်လျက်ရှိသည်ဟု စင်စီနက်တီကလေးဆေးရုံ မိခင်နို့တိုက်ကျွေးရေးစင်တာမှ ဒါရိုက်တာ လောရာဝါ့ဒ်က ပြောသည်။

## ထောက်လှမ်းတွေ့ရှိ

ကာကွယ်ဆေးထိုးထားသည့် နို့တိုက်မိခင်၏ နို့ရည်ထဲတွင် ရောဂါကာကွယ်ပေးသော ပဋိပစ္စည်းကို ထောက်လှမ်းတွေ့ရှိရသည်ဟု ၎င်းက ဆက်ပြောသည်။ အကယ်၍ မိခင်က ကာကွယ်ဆေးထိုးထားပါက နို့စို့ကလေးများမှာ ကိုဗစ် -၁၉ ကိုတစ်စုံတစ်ခုသောအတိုင်းအတာအထိ ကာကွယ်ပေးနိုင်သည်ဟုဆိုလိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

- ❑ သို့သော်လည်း ကလေးများဆေးရုံရောက်မှသာလျှင် မိဘများနှင့် ထိုအခြေအနေကို ဆွေးနွေးမိသည်ဟု ၎င်းကပြောသည်။ အချိန်အများကြီး အလဟဿဖြစ်ရသည်ဟု ပြောသည်။ မိဘများနားလည်ထားသင့်သည့်အရာမှာ ကာကွယ်ဆေးထိုးခြင်းဖြင့် ကလေးများကို အကောင်းဆုံး ကာကွယ်ပေးနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်
- ❑ အမေရိကန်ပြည်ထောင်စုတွင် အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ၂၇ ရာခိုင်နှုန်းသော ကလေးများသာ ကိုဗစ် - ၁၉ ကာကွယ်ဆေးကို ပထမအကြိမ်ထိုးရသေး

ကိုးကား - အေအက်ဖ်ပီ

# ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၂၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၂၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂၀) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၉၄,၂၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၄,၃၈၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၂,၄၇၁) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၅–၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၉၀) ခု | (၅၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၈) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၈) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၇) ခု | (၅) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆)ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၇၅) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၇၅) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၁၇၇) ခု | (၁၃၉) ဦး |
| စုစုပေါင်း | (၁၁,၂၃၆) ခု | (၂၂၀) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၅ -၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၂၉၅၈၆၉၀ | ၄၄၈၂၈၉၅၇ | ၈၉၁၅၉၅ |
| ၂။ | အိန္ဒိယ | ၃၉၇၉၉၂၀၂ | ၃၇၀၇၁၈၉၈ | ၄၉၀၄၆၂ |
| ၃။ | ဘရာဇီး | ၂၄၁၃၄၉၄၆ | ၂၁၈၅၁၉၂၂ | ၆၂၃၄၁၂ |
| ၄။ | ပြင်သစ် | ၁၆၈၀၀၉၁၃ | ၁၀၄၆၀၄၈၃ | ၁၂၉၀၂၂ |
| ၅။ | ဗြိတိန် | ၁၅၉၅၃၆၈၅ | ၁၂၄၀၄၉၆၈ | ၁၅၃၉၁၆ |
| ၆။ | ရုရှား | ၁၁၂၄၁၁၀၉ | ၁၀၀၇၁၇၄၀ | ၃၂၇၄၄၈ |
| ၇။ | တူရကီ | ၁၁၀၁၄၁၅၂ | ၁၀၃၁၆၄၉၈ | ၈၆၁၂၅ |
| ၈။ | အီတလီ | ၁၀၀၀၁၃၄၄ | ၇၁၄၇၆၁၂ | ၁၄၃၈၇၅ |
| ၉။ | စပိန် | ၉၂၈၀၈၉၀ | ၅၆၂၆၀၁၃ | ၉၁၉၉၄ |
| ၁၀။ | ဂျာမနီ | ၈၈၀၈၁၀၇ | ၇၃၃၁၂၀၀ | ၁၁၇၅၁၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၅ – ၁ – ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၉၄၁၈၃ | ၄၁၂၅၀၈၀ | ၁၄၄၂၄၇ |
| ဖိလစ်ပိုင် | ၃၄၅၉၆၄၆ | ၃၁၅၈၅၉၇ | ၅၃၅၉၈ |
| မလေးရှား | ၂၈၃၆၁၅၉ | ၂၇၅၉၀၄၉ | ၃၁၉၀၄ |
| ထိုင်း | ၂၃၉၁၃၅၇ | ၂၂၈၇၇၆၈ | ၂၂၀၆၀ |
| ဗီယက်နမ် | ၂၁၇၁၅၂၇ | ၁၉၀၄၀၆၉ | ၃၇၀၁၀ |
| မြန်မာ | ၅၃၄၃၈၃ | ၅၁၂၄၇၁ | ၁၉၃၁၀ |
| စင်ကာပူ | ၃၁၆၇၇၄ | ၃၀၂၄၆၅ | ၈၄၈ |
| လာအို | ၁၃၀၈၅၃ | ၁၂၂၇၃၃ | ၅၂၉ |
| ကမ္ဘောဒီးယား | ၁၂၁၀၉၄ | ၁၁၇၃၄၇ | ၃၀၁၅ |
| ဘရူနိုင်း | ၁၆၁၄၉ | ၁၅၆၈၂ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် ဥတ္တရသီရိမြို့နယ်ရှိ ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်တို့သို့ လည်းကောင်း **(အပေါ်ဝဲပုံ)**၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကရင်ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း **(အပေါ်ယာပုံ)**၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ လှိုင်ဓမ္မာရုံကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ပုဗ္ဗာရုံ ပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိသံဃာတော်များ ဆွမ်းကွမ်းအဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ် လှူဒါန်းလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ အင်အားဖြည့် အစားအစာများကိုလည်း ထောက်ပံ့ လှူဒါန်းလျက်ရှိသည်။

ထိုသို့ထောက်ပံ့ လှူဒါန်းလျက်ရှိရာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးနှင့် မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးညဏ်မျိုးတို့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဝဲပျံစာသင်တိုက်ဆရာတော်ကြီးထံသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (ဓာတ်ပုံ)

**သတင်းစဉ်**

# ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အတွက် တိုက်ပွဲရှောင်ပြည်သူများ နေရပ်အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကယားပြည်နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့ အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ထိတွေ့တိုက်ပွဲများကြောင့် တိုက်ပွဲဖြစ်ပွားရာ နေရာများနှင့် လွတ်ကင်းသည့် နေရာများသို့ တိမ်းရှောင်လျက်ရှိသည့် လွိုင်ကော်မြို့ပေါ်အပါအဝင် အဆိုပါဒေသတစ်ဝိုက်မှ အပြစ်မဲ့ပြည်သူများကို နယ်မြေပြန်လည် တည်ငြိမ်အေးချမ်းပြီဖြစ်သည့် ၎င်းတို့၏နေရာဒေသများ၌ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွိုင်ကော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင် ပြည်သူ ၂၁၂ ဦးတို့သည် ၎င်းတို့နေရပ် အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက်နေထိုင်ခဲ့ကြောင်း သိရသည်။



ဗဟိုဈေးရှေ့တွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေသည်ကိုတွေ့ရစဉ်။



တိုက်ပွဲရှောင်ပြည်သူများ လွိုင်ကော်မြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ဝင်ရောက်လာမှုကို တွေ့ရစဉ်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသည့် တိုက်ပွဲရှောင်ပြည်သူများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျလက်ခံခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကယားပြည်နယ်အတွင်း NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှစတင်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့ အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ရာ နယ်မြေတည်ငြိမ် အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အေးချမ်းတည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် ဘုရား၊ စေတီများနှင့် အခြားဘာသာရေးကျောင်းများ၌လည်း ဘုရားဖူးဝတ်ပြုဆုတောင်းသူများနှင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးမင်းသူအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၅

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးမင်းသူ အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပါသည်။**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဟောင်း ဦးမင်းသူသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကုမ္ပဏီပိုင်ရှင်တစ်ဦးထံ ဆက်သွယ်၍ NLD တံဆိပ်ပါသော တီရှပ်အင်္ကျီအထည် ၁၈၀၀၀ အတွက် ကာလတန်ဖိုး ငွေကျပ်၃၁၅သိန်းကိုလည်းကောင်း၊ NLD တံဆိပ်ပါသောလွယ်အိတ်များ ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၃၆၀ ကိုလည်းကောင်း လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်းတွင် ၂၅-၁-၂၀၂၂ ရက်နေ့၌ ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် စားသောက်ကုန်၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် သစ်မျိုးစုံ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၅

**တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ်၊ ဂွမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ အမ်းမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များတွင် တရားမဝင်သစ်မျိုးစုံ (၇၀ ဒသမ ၆၃၉၄)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄,၈၄၁,၂၉၁) အား ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**



အလားတူ ဇန်နဝါရီ ၂၄ ရက်တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ဌာနစုံစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံထုတ် စားသောက်ကုန် ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇,၇၃၃,၂၀၀) နှင့် အဆိုပါ စားသောက်ကုန် ပစ္စည်းများ သယ်ဆောင်လာသည့် (၂၂) ဘီးယာဉ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀,၀၀၀,၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇,၇၃၃,၂၀၀)** အား ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်မှ (လိုင်စင်မဲ့) NISSAN ADVAN မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၅၀၀,၀၀၀) နှင့် တမူးမြို့နယ်မှ တရားမဝင် ကညင်သစ် (၈ ဒသမ ၃၃) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၃,၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၃၃၃,၀၀၀)** အား ဖမ်းဆီးရမိခဲ့ပြီး (လိုင်စင်မဲ့ယာဉ်) အား ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တရားမဝင် ကညင်သစ်များအား သစ်တောဥပဒေအရ လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူခရိုင် သစ်တောကြိုးဝိုင်း အတွင်း တရားမဝင် ကျွန်းသစ် (၀ ဒသမ ၈၂၆၀) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၇,၈၀၀) နှင့် အခြားသစ်မျိုးစုံ (၁ ဒသမ ၃၅၁၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄,၅၇၀)၊ **စုစုပေါင်း သစ်မျိုးစုံ (၂ ဒသမ ၁၇၇) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၂,၃၇၀)** အား ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၁၁ မှု၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၆,၂၄၉,၈၆၁)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “ကိုဗစ်-၁၉ ရောဂါ ဝေဒနာရှင်များ၏ အဓိကအသက်ကယ်ဆေးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးမည့် Liquid Oxygen သယ်ဆောင်လာသော မော်တော်ယာဉ်အား မြဝတီမြို့နယ်တွင် အကြမ်းဖက် သောင်းကျန်းသူများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်” ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

ထို့ပြင် လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ PDF အမည်ခံအကြမ်းဖက်သမားများက မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲမှုဖြစ်စဉ်” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ်အင်္ဂါနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျော်ဖုံးမှ*

ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများအထိ ရည်ရွယ်ကာ ရှာဖွေဖော်ထုတ်ထားခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဦးမျိုးမင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး) ထံမှ သိရသည်။

အဆိုပါ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ပြီး အလွယ်တကူသွားရောက်လှေ့လာနိုင်သည့် စိတ်ဝင်စားဖွယ်ကောင်းသည့် ခရီးစဉ်ခုနစ်နေရာမှာ . . . .



ရောဝတီမြစ်ကမ်းဘေးရှိ ကျောက်မျက်မော်စေတီကို တွေ့ရစဉ်။

## ထူးဆန်းသော ကျောက်ရေကန်

ထူးဆန်းသော ကျောက်ရေကန်သည် ညောင်ဦးမြို့မှ တုရင်တောင်သို့ ၁ မိုင် ၇ ဖာလုံ ကွာဝေးပြီး တုရင်တောင်ပေါ် ဘုန်းတော်ကြီး ကျောင်းရှေ့မှ စတင်၍ တောင်တက်ခရီး မိနစ် ၃၀ ခန့် တက်ရောက်ရသည့် ခရီးစဉ်ဖြစ်သည်။ လမ်းခရီးတွင်အညာဒေသ၌ ကျက်စားသည့် ချိုးငှက်၊ ငှက်ခါး၊ ရေသူကြီးငှက်၊ ဘီလုံးငှက်နှင့် ချိုးလင်းပြာငှက်တို့ကို ကြည့်ရှုခံစားရင်း ထူးဆန်းသည့် ကျောက်ရေကန်သို့ရောက်ရှိပေသည်။ ကျောက်ရေကန်သည် အလျားပေ ၈၀၊ အနံပေ ၈၀၊ အနက်ပေ ၃၀ ခန့်ရှိပြီး အလွန်ထူးခြားလှသည့် ရေကန်တစ်ခု ဖြစ်ပေသည်။ ထိုကျောက်ရေကန်၏ တောင်ဘက်တွင် မြကန်နှင့် အနောက်တောင်ဘက်တွင် ရှေးဟောင်းမြို့တော် ပုဂံပြည်၏ စေတီပုထိုးများ၊ ရောဝတီမြစ်နှင့် တန့်ကြည်တောင်၏ တောင်စဉ်တောင်တန်းများသည် ပြည်တွင်းပြည်ပခရီးသွားများအား ထူးထူးခြားခြား ဆွဲဆောင်နိုင်မည့် ခရီးစဉ်တစ်ခု ဖြစ်ပေမည်။



ဂဲမိုးအိုင် ခရီးစဉ် ဒေသ၌ တွေ့မြင်နိုင်မည့် မြင်ကွင်း။



ရုပ်စုံကျောင်း

## ဇီးအိုလှကျေးရွာ

ခရီးစဉ်ထဲပါဝင်သည့် ဇီးအိုလှကျေးရွာသည် ညောင်ဦးမြို့မှ ၁၃ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ဒေသခံများ၏ ပါးစပ်ရာဇဝင်အရ နတ်ထိန်းထားသည့် အင်ကြင်းတောသည် ၂၅ ဧက (၀ ဒသမ ၁၃) စတုရန်းမိုင်ကျယ်ဝန်းပြီး ၎င်းအင်ကြင်းတောကို သစ်တောဦးစီးဌာနက ထိန်းသိမ်းထားရှိကြောင်းလည်းသိရသည်။ ဇီးအိုလှကျေးရွာတွင် နှစ်ပေါင်း ၉၀၀ ခန့်သက်တမ်းရှိ မန်ကျည်းပင်ကိုးခွသည် တမူထူးခြားစွာ တည်ရှိပြီး အေဒီ (၁) ရာစုခန့်က သံချက်ဖိုတစ်ခုသည်လည်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်လျက်ရှိကာ သဘာဝအခြေခံခရီးစဉ် ဒေသတစ်ခုဖြစ်သည်။

## စက်စက်ယိုကျေးရွာ

စက်စက်ယိုကျေးရွာသည် ညောင်ဦးမြို့နှင့် မိုင် ၂၀ ကွာဝေးပြီး ဗျတ္တာပန်းဆက်လမ်းမှသွား၍လည်းရသည်။ အဆိုပါရွာလေးသည် အလွန်ရှေးကျလှပြီး လူနေမှုပုံစံမှာ တစ်မူထူးခြားစွာ ဆွဲဆောင်လျက်ရှိသည်။ အမျိုးသား၊ အမျိုးသမီးများသည် တက္ကသိုလ်ရောက်သည်အထိ သျှောင်ပေစူးနှင့် ဆံရစ်ဝိုင်းများထားရှိကြကြောင်း၊ ၎င်းတို့ အဓိကအလုပ်အကိုင်မှာ ထန်းတောင်သူများဖြစ်ကြောင်း၊ စက်စက်ယိုကျေးရွာရှိ လူနေမှုပုံစံများသည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်မည့် တစ်မူထူးခြားသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်းလည်း သိရသည်။

## ပုပ္ပားတောင်မကြီး

ပုပ္ပားတောင်မကြီးသည် ညောင်ဦးမြို့နှင့် မိုင် ၃၀ ခန့်ကွာဝေးပြီး ပုပ္ပားရွာမှ တောင်မကြီးသို့ ၃ မိုင် ၆ ဖာလုံ၊ ခြေလျင်တောင်တက် ခရီးစဉ်တစ်ခုဖြစ်ပေသည်။ ပုပ္ပားတောင်မကြီးသည် အမြဲစိမ်းတောဖြစ်ပြီး ပုပ္ပားဧရိယာအတွင်း တွေ့ရှိရသည့် မျောက်မြီးရှည် ခေါ် ပုပ္ပား မျောက်မြီးရှည်သည် မြန်မာနိုင်ငံမှာသာရှိသည့် မျောက်တစ်မျိုးဖြစ်ကြောင်းလည်း သိရသည်။ နွားလပို့တောင်၊ ဆေးမွှန်တောင်၊ မှန်ပြတောင်၊ စပါးပုံတောင်များကို တက်ရောက်နိုင်ကြောင်း၊ သစ်ခွမျိုးစုံ လေ့လာနိုင်ပြီး ကျောက်ပန်းကျောက်ခက်များ တောင်ကမ်းပါးယံထက်တွင် အလွန်ပေါများစွာ ပေါက်ရောက်နေသည်ကို တောင်တက်ခရီးသွားပြည်သူများအား စိတ်ချမ်းမြေ့စွာ မြင်တွေ့နိုင်ပေသည်။ ထိုခရီးစဉ်သည် ထူးထူးခြားခြား ခရီးသွားတိုင်း စိတ်ဝင်စားမည့် မရိုးနိုင်သည့် ခြေလျင်တောင်တက် ခရီးစဉ်ဖြစ်ပေတော့သည်။

## ကျောက်မျက်မော်

ကျောက်မျက်မော်စေတီသည် စိုးမင်းကြီးဘုရားအကျော် မြင်းကပါရွာ၏ တောင်ဘက်၊ ရောဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည်။ ကျောက်မျက်မော်စေတီတော်သည် နှစ်ထပ်ဘုရား တစ်ဆူဖြစ်သည်။ အတွင်းစေတီမှာ ရှစ်မြှောင့်ပစ္စယာခံထားသော ပျူခေတ်ယဉ်ကျေးမှု လက်ရာများနှင့် ၎င်းကိုငုံ၍ တည်ထားသော ဖောင်းရစ်များဖြင့် တန်ဆာဆင်ထားခြင်းတို့ဖြစ်ပြီး စေတီကိုယ်ထည် ခါးပတ်တန်းရှိ ဘုလုံးပုံနန္ဒင်းမကင်းပုံများမှာ လောကနန္ဒာဘုရားတွင် တန်ဆာဆင်ထားသကဲ့သို့ မူလအင်္ဂတေပန်းပုံအုတ်ကို ပုံဖော်ထားသည်။



ဇီးအိုလှကျေးရွာတွင် နှစ်ပေါင်း ၉၀၀ ခန့်သက်တမ်းရှိ မန်ကျည်းပင်ကိုးခွကို တွေ့ရစဉ်။

ထူးခြားချက်မှာ စေတီ၏ အတွင်းစေတီနှင့် အပြင်စေတီကြားမှာ အုတ်အပြည့် မဖြည့်ဘဲ ၃ ပေခန့်အကျယ်ရှိသော ဒေါက်ကြီးများဖြင့် ထောက်စီထားသည်ကို တွေ့ရှိရသည်။ ကျောက်မျက်မော်စေတီအား ရှေးဟောင်းသုတေသီများက အေဒီ ၁၂-၁၃ ရာစုခန့်တွင် တည်ထားခဲ့သည်ဟု သုံးသပ်ခဲ့ကြသည်။ ကျောက်မျက်မော်စေတီ နေဝင်ဆည်းဆာအလှရှုခင်းအဖြစ် ရောဝတီမြစ်နှင့် တန့်ကြည်တောင်၏ တောင်စဉ်တောင်တန်းများက ပန်းချီကားတစ်ချပ်သဖွယ် ထူးခြားစွာ ဆွဲဆောင်နေပေသည်။

## ဂဲမိုးအိုင်ခရီးစဉ်ဒေသသစ်

ဂဲမိုးအိုင်ခရီးစဉ်ဒေသသစ်သည် ကျောက်ပန်းတောင်းမြို့၏ အရှေ့ဘက် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်း ၇ မိုင်အကွာရှိ မဟာဗောဓိငါးထောင်မှ ဘယ်ဘက်လမ်း ၂ မိုင် ၃ ဖာလုံ အကွာရှိ လဲဂွရွာနှင့် လက်ပံအိုင့်ရွာကြားတွင် တည်ရှိသည်။ လဲဂွရွာနှင့် လက်ပံအိုင့်ရွာကြားတွင် မပုပ်မသိုးသော ရဟန္တာရုပ်ကလာပ်တော် ဦးစန္ဒအား ဖူးမြော်နိုင်ပြီး မြောက်ဘက် တစ်မိုင်ခန့်သွားလျှင် ဂဲမိုးအိုင်သို့ ရောက်ရှိပေသည်။ အဆိုပါနေရာတွင် တစ်မိုင်ခန့် ရှည်လျားသည့် ကျောက်လျှိုမြောင်အတွင်း လက်ငါးချောင်းအိုင်၊ ဂဲတစ်လုံးစို့အိုင်၊ ဂဲမိုးအိုင်၊ စကောဝိုင်းအိုင်၊ ဖျောဖျောကျအိုင် တို့ လေ့လာနိုင်ပြီး အန္တရာယ်ကင်းသည့် တောတွင်းစွန့်စားခရီးစဉ်အဖြစ် ခရီးသွားများ စိတ်ကြိုက်ဖြစ်စေမည့် ခရီးစဉ်ဖြစ်သည်။

## သဲပြင်တော(CBT)ခရီးစဉ်ဒေသသစ်

သဲပြင်တောကျေးရွာအုပ်စုသည် ညောင်ဦးမြို့တောင်ဘက် ၁၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး ကောင်းတော်စစ်ရွာ အိမ်ခြေ ၁၉၉ အိမ်၊ သဲပြင်တောရွာ အိမ်ခြေ ၂၀၀ တို့ ပါဝင်သည်။ ရှေးနှစ်ပေါင်း ၁၅၀ ခန့်က တည်ထားခဲ့သော ရှေးဟောင်းဘုန်းကြီးကျောင်း (ရုပ်စုံကျောင်း)၊ ရွာလယ်ကျောင်း၏ တစ်ဖက်တစ်ချက်တွင် ကပ်လျက် တည်ရှိသည်။ စုစုပေါင်းလူဦးရေ ၁၆၈၅ ဦးရှိပြီး ဘာသာတရားကိုင်းရှိုင်းကြကာ ရိုးရာနတ်ကိုးကွယ်မှုကိုလည်း တွေ့ရှိနိုင်သည်။ အလုပ်အကိုင်မှာ ရက်ကန်း၊ ထန်း၊ ပန်းပဲနှင့် ရိုးရာဆုံဆီကြိတ်လုပ်ငန်းတို့ လုပ်ကိုင်ကြပြီး ရှေးဟောင်းပေစာ၊ ပုရပိုက်စာ၊ ကြေးကမ္ဗဝါများ၊ ရှေးလက်ရာ စာတိုက်သေတ္တာများ၊ စက်နာရီ မပေါ်မီကပင် လက်လှည့်ရှေးနာရီတို့ကို လေ့လာနိုင်သည့်အပြင် ရွှေနတ်တောင်ပေါ်မှ နေထွက်နေဝင်ရှုခင်း ကြည့်ရှုနိုင်ပြီး ရှေးဟောင်းအနုလက်ရာပစ္စည်းများ တန်ဖိုးထားလေ့လာလိုသူများ လာရောက်လေ့လာသင့်သည့် ခရီးစဉ်သစ်လည်းဖြစ်ကြောင်း ခရီးစဉ် ခုနစ်နေရာကို လေ့လာခံစားနိုင်ရန် ဖော်ပြလိုက်ပါသည်။

**မောင်မောင်ထိန်၊ ကျောက်ပန်းတောင်း**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင်အမိမြန်ပြည်တစ်ခွင်
**၀၈:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော်
**၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'တန်ဆေးလွန်ဘေး'
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဖက်ဝင်ဟင်းသီး၊ ဟင်းရွက်နှင့် ကျန်းမာရေး
**၁၃:၃၀** MRTV National News
**၁၄:၀၀** စိန်ရတုပြည်ထောင်စုလွှတ်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (အပိုင်း-၃)
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင်
**၁၇:၃၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၃၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂၆)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ဆရာရှိသည်'

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Union Day Song
**07:09** Myanmar Childhood Games (Episode-3)
**07:19** Myanmar Masterclass: Conceptual Art
**07:25** Discovering Tribes: Wa - Their Life and Customs
**08:01** Myanmar Delicate Artistic Handy Creations - Lacquer Ware Making
**08:27** Ecotourism: Monywa Tourism Zone
**08:45** Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
**09:01** News
**09:26** Global Partnership for Brighter Future: Uzbekistan Pavilion at Expo 2020 Dubai Expo 2020 Dubai
**09:34** Gardener of Royal Thazin Floral
**09:54** Dances of Myanmar: Proud of Being a Myaung Zee (or) Hmong
**10:01** Chinlone and the dreams of the player

**MRTV NRC**

**ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်အငေါ်အဝေါ်စာအုပ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စာပေသင်ကြားရေအောင် (အပိုင်း-၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေအမြုတေ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ရသာချိုမြိန်ချင်းရိုးရာ မျှစ်ဟင်းရည်ဘိုင်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ရာသီအလိုက် မွန်ရိုးရာပွဲတော်များ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့ လက်မှုပညာ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်သွန်ဖြူနှင့် ကျန်းမာရေး

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၂၁:၀၀ မှ ၂၂:၀၀)**
အေးမြသောအရိပ်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (သီရိလင်္ကာနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝန်နေ့တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။**


Livestock Fair 2022
Livestock Production for Better Future

## "တို့တွေအနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့"

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြုလုပ်သည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်**

**"မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲ(၂၀၂၂)" "Livestock Fair 2022"**

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှ ၃၀ ရက်** **စက်စက်ယိုကွင်း၊ နေပြည်တော်**


## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၅ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၈၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၇၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၆၀/၁၅၈၀ ကျပ် | ၁၅၉၀/၁၆၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၇၀/၁၅၉၀ ကျပ် | ၁၆၀၅/၁၆၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၂၅/၁၅၄၅ ကျပ် | ၁၅၈၀/၁၆၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၅၈၅/၁၆၁၀ ကျပ် | ၁၆၉၅/၁၇၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၈၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၄၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၉၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၂၃၂ | ၁၉၀၁၄၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၈၀၂ | ၂၅၀၅၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၂၁၀ | ၅၅၆၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မျှော်လင့်ရင်ခုန်နေမိသည့် လူငယ်နှင့်စာပေပွဲတော်

**အနာဂတ်နိုင်ငံတော်၏ အဖိုးတန်ရတနာကလေးလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် "လူငယ်နှင့်စာပေပွဲတော်" ကို ပြန်ကြားရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။**


ဒေါ်ယုယုကြည် (ကျောင်းအုပ်ကြီး)


ဒေါ်မိုးသူ (အလယ်တန်းပြ)


ဒေါ်ဝေမာလှိုင် (အလယ်တန်းပြ)

**"လူငယ်နှင့်စာပေပွဲတော်"** တွင် ဓာတ်ပုံပြခန်းများ၊ စာအုပ်စာစောင်များ၊ ကလေးစာဖတ်ခန်းများ၊ ရှေးဟောင်းကျောက်စာပြခန်းများ၊ လေကြောင်းပညာရပ်ဆိုင်ရာ သရုပ်ပြသခြင်းများ၊ အားကစားလှုပ်ရှားမှုပြခန်းများ၊ ကာတွန်းဓာတ်ပုံပြခန်းများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးပြခန်းများလည်း ပါဝင်ပြသမည် ဖြစ်သည်။

ထို့ပြင် ပွဲတော်သို့လာရောက်ကြသည့် ကလေးငယ်များအတွက် ကလေးငယ်တစ်ဦးချင်း ပြိုင်ပွဲများအဖြစ် စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားခြင်း၊ အဖွဲ့လိုက်ပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မကြာမီကျင်းပတော့မည့် **"လူငယ်နှင့်စာပေပွဲတော်"** တွင် ပါဝင်ဆင်နွှဲနေကြမည့် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူလေးများ၏ မျှော်လင့်ရင်ခုန်သံ စကားများကို ဖော်ပြလိုက်ပါသည်။


မ L-ဆန်းဂျာနူး


မောင်သက်ဝေယံစိုး


မမိုးပြည့်ပြည့်နိုင်


မပန်းမြတ်သီတာအောင်


မပိုးအိအိချို

**ဒေါ်ယုယုကြည် (ကျောင်းအုပ်ကြီး )**
**အ.ထ.က (၁)၊ ပျဉ်းမနား**

လူငယ်နှင့်စာပေပွဲတော် ကျင်းပတော့မယ်လို့ သိရတယ်။ ယနေ့ ကျောင်းသားလူငယ်တွေ သမိုင်းကြောင်းအဆက်ဆက် စာပေတွေကို ပြသမယ်ဆိုရင်လည်း ဒါကိုသေသေချာချာ စူးစူးနစ်နစ် လေ့လာမယ့် ကလေးဆိုရင် ကျွန်မတို့ရဲ့သမိုင်းမှတ်တမ်းတွေ သိမယ်။ စိတ်ဝင်စားသွားမယ်။ စိတ်ဝင်စားသွားရင် ဂိမ်းကိုစွဲလမ်းတဲ့ လူငယ်တွေဆိုရင် ဂိမ်းဆော့တာ လျော့ပါးသွားမယ်။ နောက်ပြီး ဒီပွဲတော်မှာ ပြိုင်ပွဲလေးတွေရှိတယ်လို့ ကြားတယ်။

ဒီပွဲတော်ကြီး ကျင်းပပေးတဲ့အတွက် ကလေးတွေမှာ အတွေးအမြင် လေးတွေ မှန်လာလိမ့်မယ်။ သုတ၊ ရသစာပေတွေ လေ့လာလို့ရတဲ့အခါကျတော့ စာပေဗဟုသုတတွေလည်း အများကြီးတိုးပွားလာမယ်။ အခုဆိုရင် ကျောင်းသား ကျောင်းသူလေးတွေ စာပေပွဲတော်ကြီးကို လေ့လာခွင့်ကြုံပြီ။ တစ်နိုင်တစ်ပိုင်ကိုယ်လည်း ဉာဏ်စမ်းချင်တယ်ဆိုရင် ကိုယ့်ရဲ့ဉာဏ်ရည် ဉာဏ်သွေးကို စမ်းလို့ရတယ်။ ဆုတွေလည်းရမယ်။

လူငယ်နှင့်စာပေပွဲတော်မှာ ဆရာမတို့ကျောင်းအနေနဲ့ ထာဝရမြန်မာသီချင်းနဲ့ တေးသရုပ်ဖော် ပါဝင်ဖျော်ဖြေပါမယ်။ ဒီပွဲတော်မှာ လူငယ်တွေ သွားရောက်လေ့လာရတဲ့အတွက် အသိပညာ ဗဟုသုတတွေ တိုးပွားစေတယ်။ ဒီလိုပွဲတော်ကြီးကို အများကြီးအကုန်အကျခံပြီး ကျင်းပပေးတဲ့အတွက် အဆင့်ဆင့်သော တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်မိုးသူ (အလယ်တန်းပြ)**
**အ.ထ.က (၅)၊ ပျဉ်းမနား**

လူငယ်နှင့်စာပေပွဲတော်မှာ ကျွန်မတို့ကျောင်းအနေနဲ့ ကျောင်းသူလေးတွေက အကအလှတွေနဲ့ ပါဝင်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ လူငယ်တွေအတွက် ရည်ရွယ်ပြီးတော့ ကျင်းပတဲ့ လူငယ်နှင့်စာပေပွဲတော်ကို ကျွန်မတို့ကိုယ်တိုင်ပဲ ပါဝင်ဆင်နွှဲခွင့်ရတယ်။ ကျွန်မတို့ရဲ့ တပည့်လေးတွေလည်း ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် ဒီစာပေပွဲတော်ဖြစ်မြောက်အောင် ကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မကိုယ်တိုင်လည်း ဒီလို ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီပွဲတော်ကြီးမှာ လူငယ်တွေအတွက်ကို ပြခန်းတွေ ပြသမယ်လို့လည်း သိရပါတယ်။ ဒီခေတ် လူငယ်တွေက အချိန်အများစုမှာ အွန်လိုင်းမှာပဲ အချိန်ကုန်နေကြတာ များနေပါတယ်။ စာပေဖတ်ရှုတာ အင်မတန်မှ အားနည်းနေပါတယ်။ အခုဒီလို စာပေပွဲတော်တွေ ကျင်းပပေးတဲ့အတွက် ကလေးတွေမှာ စာပေဖတ်ရှုတဲ့ အကျင့်လေးတွေ ပြန်ပြီးတော့ ရသွားမယ်လို့လည်း မျှော်လင့်ပါတယ်။ စာဖတ်ဖို့အတွက်လည်း ပိုပြီးတော့ တွန်းအားဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်။

ဒီလိုပွဲတော်မျိုးကို ကျောင်းသား လူငယ်တွေအတွက် အခါအားလျော်စွာ တစ်နှစ်ကို နှစ်ကြိမ်လောက် ကျင်းပပေးနိုင်ရင်ပိုပြီးတော့ ကောင်းမယ် ထင်ပါတယ်။ ကျွန်မတို့ မြို့နယ်တွေမှာဆိုရင်လည်း ခမ်းခမ်းနားနားကြီး မဟုတ်တောင် ကလေးတွေအတွက် ပွဲတော်လေးတွေ ကျင်းပပေးမယ်ဆိုရင် လူငယ်တွေဟာ စာဖတ်ခြင်းမှာပိုပြီးတော့ မွေ့လျော်လာမယ်။ စိတ်ဝင်စားလာမယ်လို့ ထင်ပါတယ်။

"ဒီပွဲတော်ကြီးကျင်းပပေးတဲ့အတွက် ကလေးတွေမှာ အတွေးအမြင်လေးတွေ မှန်လာလိမ့်မယ်။ သုတ၊ ရသစာပေတွေ လေ့လာလို့ရတဲ့အခါကျတော့ စာပေဗဟုသုတတွေလည်း အများကြီးတိုးပွားလာမယ်။ အခုဆိုရင် ကျောင်းသား ကျောင်းသူလေးတွေ စာပေပွဲတော်ကြီးကို လေ့လာခွင့်ကြုံပြီ။ တစ်နိုင်တစ်ပိုင်ကိုယ်လည်း ဉာဏ်စမ်းချင်တယ်ဆိုရင် ကိုယ့်ရဲ့ဉာဏ်ရည် ဉာဏ်သွေးကို စမ်းလို့ရတယ်။ ဆုတွေလည်းရမယ်"

**ဒေါ်ဝေမာလှိုင် (အလယ်တန်းပြ)**
**အ.ထ.က(၁)၊ ပျဉ်းမနား**

လူငယ်နှင့်စာပေပွဲတော်အတွက် ပြည်ထောင်စုတိုင်းရင်းသားအကမှာ ကျောင်းသား ကျောင်းသူလေး အဆင်ပြေပြေဖျော်ဖြေနိုင်ဖို့အတွက် ကြီးကြပ်ရေး တာဝန်ယူထားပါတယ်။ ဒီပွဲတော်ကြီးကျင်းပပေးတဲ့အတွက် လူငယ်တွေ တစ်ဦးနဲ့တစ်ဦး အသိပညာတွေ ဖလှယ်မိပြီးသားလည်း ဖြစ်သွားပါတယ်။ ဗဟုသုတတွေ အများကြီးရမယ်။ စာပေနဲ့ ပတ်သက်ပြီး ပိုပြီးရင်းနှီးလာမယ်။ စာပေကို ပိုပြီး စိတ်ဝင်စားလာမယ်။ အခုလို ပွဲတော်ကြီးကို ပြုလုပ်ပေးတဲ့အတွက် ခုခေတ်လူငယ်တွေ ကြားက အွန်လိုင်းဂိမ်းကစားမှုကို လျှော့ချသွားနိုင်မယ်။ ပွဲတော်ကိုလာရောက်လေ့လာကြတဲ့ လူငယ်တွေရဲ့စိတ်မှာ စာပေကိုချစ်မြတ်နိုးတဲ့စိတ်တွေ အရင်ကထက်ပိုပြီး မြင့်တက်လာမယ်လို့ ထင်မိပါတယ်။

**မမိုးပြည့်ပြည့်နိုင် (Grade(9))**
**အ.ထ.က (၅)၊ပျဉ်းမနား**

သမီးက လူငယ်နှင့်စာပေပွဲတော်မှာ တိုင်းရင်းသားရိုးရာ ဝတ်စုံတွေဝတ်ဆင်ပြီး ကပြဖျော်ဖြေ သွားမှာဖြစ်ပါတယ်။ ဒီပွဲတော်က သမီးအတွက်တော့ ပထမဆုံးကြုံတွေ့ဖူးမှာပေါ့။ အဲဒီအတွက် ပျော်လည်းပျော်မိတယ်။ ဂုဏ်လည်းဂုဏ်ယူမိတယ်။ ကျောင်းပိတ်ရက် အားလပ်ချိန်တွေမှာတော့ စာအုပ်စာပေတွေလေ့လာဖြစ်တယ်။ ဖတ်ဖြစ်ပါတယ်။ လူငယ်နှင့်စာပေပွဲတော်ကျင်းပပေးတဲ့အတွက် လူငယ်တွေလည်း စာဖတ်ဝါသနာပါလာပြီးတော့ အသိပညာတွေ ကြွယ်ဝလာမယ်လို့ မျှော်လင့်မိပါတယ်။

**မ L-ဆန်းဂျာနူး (Grade(9))**
**အ.ထ.က (၅)၊ပျဉ်းမနား**

သမီးက လူငယ်နှင့်စာပေပွဲတော်မှာ ဖျော်ဖြေရေးကဏ္ဍမှာ ပါဝင်ပါတယ်။ လူငယ်နှင့်စာပေပွဲတော်ဆိုတာ သမီးရဲ့ဘဝမှာ ဒါကပထမဦးဆုံး အကြိမ်ပါပဲ။ ပထမဆုံးအကြိမ်မှာလည်း ပါဝင်ဆင်နွှဲပြီး ဖျော်ဖြေရမှာဖြစ်တဲ့အတွက် အလွန်ဂုဏ်ယူရပါတယ်။ ပွဲတော်ကြီးမှာ စာအုပ် စာပေတွေလည်း ပြသမှာဖြစ်တယ်လို့ သိရတဲ့အတွက် သွားရောက်လေ့လာရမှာကို ပျော်ရွှင်နေပါတယ်။

**မောင်သက်ဝေယံစိုး၊ (Grade(8))၊**
**အ.ထ.က (၁)၊ ပျဉ်း မနား**

လူငယ်နှင့်စာပေပွဲတော်မှာ ကျွန်တော်က တိုင်းရင်းသားအကနဲ့ ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ဒီပွဲတော်ကြီးမှာ ပါဝင်ဆင်နွှဲရတော့မှာ ဖြစ်တဲ့အတွက် ပျော်ပါတယ်။ ဒီပွဲတော်ကြီးကနေ ဗဟုသုတများစွာလည်းရမယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုပွဲတော်ကြီးမှာ ပါဝင်ဆင်နွှဲရမယ်လို့ တစ်ခါမှလည်း မမျှော်လင့်ထားပါဘူး။ပွဲတော်ရောက်ရင် အားကစားပြိုင်ပွဲတွေမှာ ပါဝင်ကစားရမယ်၊ စာပေတွေလေ့လာရမယ်၊ လေကြောင်းပညာရပ်တွေ သိရှိခွင့်ရတော့မယ်ဆိုတော့ ဝမ်းသာဂုဏ်ယူမိတယ်။

**မပန်းမြတ်သီတာအောင် (Grade(10))၊**
**အ.ထ.က (၅)၊ ပျဉ်းမနား**

သမီးက လူငယ်နှင့်စာပေပွဲတော်မှာ တိုင်းရင်းသားအကနဲ့ဖျော်ဖြေမှာ ဖြစ်ပါတယ်။ လူငယ်နှင့်စာပေပွဲတော်ကို ပါဝင်ဆင်နွှဲရတော့မှာ ဖြစ်တဲ့အတွက် ပျော်ရွှင်မိတယ်။ ဒီလိုပွဲတော်မျိုးကို သမီးက အခုမှကြုံဖူးမှာဆိုတော့ ပိုပြီးရင်ခုန်နေမိတယ်။ ပွဲတော်မှာ ဂိမ်းကစားနည်းတွေလည်း ပါမယ်။ စာအုပ်စာပေတွေလည်း လေ့လာရမယ်။ ဒါ့အပြင် တခြားဗဟုသုတရစရာ လေ့လာစရာပြခန်း၊ ပြကွက်တွေလည်း ပါဝင်မှာဆိုတော့ သမီးတို့အတွက် လေ့လာစရာတွေ၊ အသိပညာဗဟုသုတ ရစရာတွေ များမယ်လို့ ထင်ပါတယ်။ ဒီအတွက်ကြောင့် ဒီပွဲတော်ကြီးမှာ သမီးတို့လို လူငယ်လူရွယ်တွေကို ပြောချင်ပါတယ်။ လာရောက်လေ့လာကြပါလို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

**မပိုးအိအိချို (Grade(9))**
**အ.ထ.က (၁)၊ပျဉ်းမနား**

သမီးက ဒီပွဲတော်မှာ ထာဝရမြန်မာသီချင်းနဲ့ ကပြဖျော်ဖြေမယ့်အဖွဲ့မှာ ကပြဖျော်ဖြေမှာ ဖြစ်ပါတယ်။ သမီးဒီလိုမျိုးပွဲတော်ကြီးကို တစ်ခါမှမကြုံဖူးသေးပါဘူး။ ဒီပွဲတော်က သမီးတို့ လူငယ်တွေအတွက် အများကြီးအထောက်အကူဖြစ်ပြီး ဗဟုသုတရလိမ့်မယ်လို့မျှော်လင့်ပါတယ်။ ဒီပွဲတော်မှာ သမီးစိတ်ဝင်စားတဲ့ စာအုပ်တွေကိုဝယ်မယ်။ ပြခန်းတွေကို လေ့လာမယ်။ ပွဲတော်ကို လာရောက်ကြတဲ့ လူငယ်တွေအတွက် ပြိုင်ပွဲတွေစီစဉ်ထားတယ်ဆိုတော့ အဲဒီပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ စိတ်ကူးထားပါတယ်။

**စိုင်းထွန်းနေလှိုင်(ဒက္ခိဏ)**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပခုက္ကူမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများဖွင့်ပွဲသို့ တက်ရောက်

**ပခုက္ကူ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဇန်နဝါရီ ၂၄ ရက်က ပခုက္ကူမြို့နယ်အတွင်းရှိ တည်ဆောက်ရေး လုပ်ငန်းများ ဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာတွင် ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အအုံ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(**အပေါ်ပုံ**) ဆက်လက်၍ ကွန်းရွာ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ အဆောက်အအုံကို စနစ်တကျ အသုံးပြုရေးနှင့် ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်တို့ကို မှာကြားသည်။

